# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၂)ရက် ၊ တနင်္ဂနွေနေ့ ၊ (16-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၀၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ နှလုံးသားနဲ့ ခံစားလို့ ဦးနှောက်နဲ့ ရွေးချယ်ဖို့ မဲပေးကြပါစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ဘားအံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကရင်ပြည်နယ် ဘားအံမြို့ရှိပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိမှု၊ ပြည်နယ်ဆိုင်ရာအချက်အလက်များ၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊


**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐





ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့အကျိုး စွမ်းစွမ်းတမံထမ်းရွက်သူများကို ဂုဏ်ပြုချီးမြှင့်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်အတွက် စံနမူနာပြုပုဂ္ဂိုလ်များစွာလိုအပ်ပေသည်။ နိုင်ငံတော်အတွက်လိုအပ်သည့် စံနမူနာပြုပုဂ္ဂိုလ်များမှာ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာအားထုတ်ကြိုးပမ်းဆောင်ရွက်ကြသူများ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်ဆောင်ရွက်ကြသူများ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသူများ၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် သံတမန်တာဝန်များကို ထူးချွန်စွာဆောင်ရွက်သူများ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့်အခြားသောပညာရပ်များတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာတီထွင်ဖန်တီးစွမ်းဆောင်နိုင်သူများ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်ပြီး နိုင်ငံတော်အတွက် အကျိုးပြုကြသူတို့ဖြစ်ကြသည်။

ထူးချွန်ပြောင်မြောက်ပြီး နိုင်ငံ့အကျိုးထမ်းရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များကို နိုင်ငံတော်က တန်ဖိုးထား၍ နှစ်စဉ်နှစ်တိုင်းဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း ဂုဏ်ပြုပေးလျက်ရှိပါသည်။ ယခုနှစ် နိုဝင်ဘာ ၁၄ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) အမျိုးသားအောင်ပွဲနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်အတွက် ထူးကဲစွာအမှုထမ်းသူ၊ အကျိုးဆောင်သူများနှင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့်ပုဂ္ဂိုလ်များကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၂၀၃ /၂၀၂၅ ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းလိုက်ကြောင်း ထုတ်ပြန်ခဲ့သည်ကို ကြားသိရသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပြီး ထိုသို့ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

နိုင်ငံတော်အတွက် စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့်ပုဂ္ဂိုလ် ဦးရေ ၁၂၅၀ ကို စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များဖြစ်သော သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့၊ တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သော သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတံဆိပ်ဖြစ်သော သီရိဇေယျကျော်တံဆိပ်၊ စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်ဖြစ်သော စီမံထူးချွန်တံဆိပ်၊ လူမှုထူးချွန်တံဆိပ်၊ စီးပွားထူးချွန်တံဆိပ်များ၊ ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ အသီးသီးဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။

ယခုကဲ့သို့ မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်းသည် နိုင်ငံတော်အစိုးရက နိုင်ငံတော်အတွက် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့ကြသူများ၊ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုတို့ဖြင့် တာဝန်ကျေခဲ့ကြသူအားလုံး၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်မှုများကိုတန်ဖိုးထား၍ မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်းပင်ဖြစ်ပါသောကြောင့် ကောင်းမွန်သည့်အစဉ်အလာတစ်ရပ်ပင်ဖြစ်သည်။

သို့ဖြစ်ပါ၍ ထိုကောင်းမွန်သည့်အစဉ်အလာကို လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရမည်ဖြစ်သည့်အပြင် နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်မျိုးဆက်များထဲမှ နိုင်ငံအတွက် ဂုဏ်ပြုချီးမြှင့်ထိုက်သူများစွာ ပေါ်ထွန်းလာပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပေသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရွေးကောက်ပွဲကျင်းပရန်
၄၂ ရက်
သာ လိုတော့သည်။
လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။
ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉
မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်ကြီးတိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၅၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရေဦး နိုဝင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၅၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၉၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၀၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ထောပတ်ပဲ ဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ပါတယ်။ ထောပတ်ပဲဟာ ဈေးကွက်ဝင်သီးနှံဖြစ်တဲ့အတွက် အားထားစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ထောပတ်ပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေးနှင့် အချိန်မီရိတ်သိမ်းရေးစသည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပို့ကုန်မှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပန်းခရု ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဒေးဒရဲ နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပန်းခရု ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလက ပန်းခရု ပိဿာချိန် ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ တစ်လအတွင်း ပန်းခရု ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်က ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပန်းခရုပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က ဒီဘက်က ရေထွက်ကုန်တွေကို အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပန်းခရုတွေရဲ့ လတ်ဆတ်မှုနဲ့ သန့်ရှင်းမှုအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ ပန်းခရုတွေကို လတ်တလော ပင်လယ်စာအရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလို တင်ပို့အားလဲ တက်လာတာပါ။ တင်ပို့အားတက်တော့ ရေလုပ်ငန်းလုပ်ကိုင်သူတွေနဲ့ အရောင်းအဝယ်သမားတွေက အဓိက အဆင်ပြေနေပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ပန်းခရု တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ပန်းခရုများ အရောင်းအဝယ်နှင့် တင်ပို့အား ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်ငူမြို့နယ် ဒိုးအင်းကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ငူ နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဒိုးအင်းကျေးရွာ၌ ပထမအကြိမ် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ဒိုးအင်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအစုအဖွဲ့မှ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဒိုးအင်းကျေးရွာရှိ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီများထံ စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ဒိုးအင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အစုအဖွဲ့ လေးဖွဲ့တို့မှ အသင်းသား၊ အသင်းသူဦးရေ ၆၀ ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မကွေးမြို့ ရန်မျိုးအောင်ရပ်နေ ဒေါ်လင်းလင်းမြတ်မိသားစုက ဆေးပဒေသာပင်အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး-ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်က လက်ခံရယူစဉ်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၅၇၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၅၇၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် နှမ်း ၉၆၇၁၆ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၅၇၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ နှမ်းကေ ၉၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိကေ ၉၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးလျက် ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ရာ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# နတ်မောက်မြို့နယ် ပ/ကျားထူးကျေးရွာ၌ ကျေးရွာလျှပ်စစ်မီးရရှိရေးလုပ်ငန်း စစ်ဆေး

**နတ်မောက် နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေငံကျေးရွာအုပ်စု ပ/ကျားထူးကျေးရွာ၌ ကျေးရွာတွင်း လျှပ်စစ်မီးရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပ/ကျားထူးကျေးရွာ၌ ကွန်ကရစ်မီးတိုင်စိုက်ထူခြင်းလုပ်ငန်း၊ ကျေးရွာတွင်း လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နတ်မောက်မြို့နယ် ပ/ကျားထူးကျေးရွာ၌ ကွန်ကရစ်မီးတိုင် ၇၁ တိုင်စိုက်ထူခြင်းလုပ်ငန်း၊ အရှည် ၁၃၆၁၇ ပေရှိသော ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၁၉ ဒသမ ၇ သန်း စုစုပေါင်းငွေကျပ် ၂၄၄ ဒသမ ၇ သန်းအသုံးပြုပြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် နိုဝင်ဘာ ၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ချိုလေး

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၅၀၅၉ ကေ စိုက်ပျိုးမည်

**မြောင်းမြ နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာ၌ ဗိုလ်ကိတ်ပဲ ၅၀၅၉ ကေထိ စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၅၀၅၉ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် နိုဝင်ဘာလစတုတ္ထပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်အတွင်းမှာ ဒီနှစ် ဗိုလ်ကိတ်ပဲ ၅၀၅၉ ကေထိ စိုက်ပျိုးသွားမှာဖြစ်တယ်။ စိုက်ပျိုးမဲ့ ဗိုလ်ကိတ်ပဲတွေ အရည်အသွေးကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဌာနကဆောင်ရွက်ပေးနေပါတယ်။ ဗိုလ်ကိတ်ပဲတွေက မြေအမျိုးအစားပေါ်မူတည်ပြီး အထွက်နှုန်းတွေမတူညီဘဲ ကွာခြားတဲ့ အခြေအနေတွေရှိပါတယ်။ ဒါကြောင့် အထွက်နှုန်းနည်းတဲ့မြေယာတွေကို ပိုထွက်အောင်လုပ်ဖို့ တစ်မြို့နယ်လုံးအနေနဲ့အထွက်တိုးအောင် ခရိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဗိုလ်ကိတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ရာ ဗိုလ်ကိတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# ဈေးဝယ်သူများသိရှိထားသင့်သည့် ဈေးရောင်းခြင်းနည်းပညာများ

အရောင်းအဝယ်လုပ်ငန်းများတွင် ကုန်ပစ္စည်းရောင်းချရရေးအတွက်နည်းလမ်းအမျိုးမျိုးသုံးစွဲတတ်ကြသည်။ ထိုနည်းလမ်းများသည် လူတစ်ဦးအားရောင်းသည့်ကုန်ကို စိတ်ဝင်စားလာစေရန်၊ နောက်တွင် ဝယ်ချင်စိတ်ပေါ်လာစေရန်နှင့် အမှန်တကယ်ဝယ်စေရန် စည်းရုံးကြခြင်းဖြစ်သည်။ သို့သော်လည်း ဝယ်ယူလာစေရန် စည်းရုံးရာတွင် ဝယ်ယူသူကို စိတ်ခံစားချက်ပြောင်းစေရန် ဆောင်ရွက်ခြင်း၊ ဝယ်လိုစိတ်ပြင်းပြလာစေရန် ဆွဲဆောင်ခြင်းသည် အဓိကလိုဖြစ်နေသည်။ ကြိုက်တာတွေ့လျှင် ဝယ်လိုက်မည်ဟူသောစိတ်ဖြင့် ဝင်လာသူတစ်ဦးကို ကြိုက်နှစ်သက်သွားစေရန်၊ ဝယ်ယူလိုစိတ် ပြင်းပြလာစေရန်နှင့်အမှန်ဝယ်သွားစေရန်အတွက် ဝန်ဆောင်မှုပေးနိုင်ရန်လိုအပ်သည်။ မူလပစ္စည်းများကို ပြင်ဆင်ထားရှိမှု၊ ဈေးနှုန်းဖော်ပြထားပုံ၊ ဝန်ဆောင်မှုပေးခြင်းနှင့် စကားပြောခြင်းတို့သည် ဈေးဝယ်အားဝယ်ယူမှုကို ပြသွားသည်ထိ အရေးကြီးသည်။ ထိုထဲတွင် ဝယ်ယူသူများ သိရှိထားသင့်သည့် ရောင်းသူများ၏ ဈေးရောင်းပညာများနှင့် စိတ်ပါလာစေရန် ဆွဲဆောင်မှုများကို ဖော်ပြသွားလိုသည်။

**ဈေးရောင်းခြင်းနည်းပညာများ**

ရောင်းသူများသည် ဝယ်ယူသူများကို ဆွဲဆောင်စည်းရုံးနိုင်စေရန်အတွက် နည်းမျိုးစုံသုံးစွဲတတ်ကြသည်။ အများစုသည် ဝန်ဆောင်မှုကောင်းစွာပေးခြင်း၊ ဈေးနှုန်းနှင့် အရည်အသွေးတို့ကို မျှတအောင် ဆောင်ရွက်ပေးခြင်း၊ အရည်အသွေးကိုအာမခံခြင်းစသည့် နည်းလမ်းများဖြင့် ဆွဲဆောင်စည်းရုံးတတ်ကြသည်။ သို့သော် အချို့ရောင်းသူများသည် ယှဉ်ပြိုင်ရောင်းချမှုများကို ဆောင်ရွက်ခြင်းအပြင် မသမာသောနည်းလမ်းများ၊ ဈေးဝယ်သူများကို ထင်ယောင်ထင်မှားဖြစ်စေခြင်းများကိုလည်း ဆောင်ရွက်တတ်ကြသည်။ ပုံမှန်ဆောင်ရွက်တတ်ကြသည့် နည်းလမ်းများတွင် တန်ဖိုးမြှင့်တင်ထားခြင်း၊ လူတို့၏ စိုးရိမ်စိတ်ကို အသုံးချခြင်း၊ ပထမအထင်အမြင်ကို အသုံးပြုခြင်း (Anchoring Bias)၊ လူအများကြိုက်နှစ်သက်ကြောင်း ပြသခြင်း၊ ကျေးဇူးတင်စိတ်ဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်း စသည်တို့ဖြစ်သည်။

**တန်ဖိုးမြှင့်တင်ထားခြင်း**

ဈေးရောင်းသူသည် ဝယ်ယူပါက ရရှိမည့် အကျိုးကျေးဇူးနှင့် ပစ္စည်းတန်ဖိုးကို အသားပေးဖော်ပြထားခြင်းမျိုးဖြစ်သည်။ ဥပမာ- တိုက်ရိုက်ရောင်းချသောနည်းစနစ်(MLM)ဖြင့် ရောင်းချနေသော အချို့အားဖြည့်ဓာတ်စာများသည် မူလကုန်ကျစရိတ်ထက်များစွာ ဈေးကြီးမြင့်ရောင်းချသော်လည်း ရရှိမည့်အကျိုးကျေးဇူး၊ ပြန်လည်ရရှိနိုင်သည့် အမြတ်များကိုသာ အသားပေးစည်းရုံးတတ်ကြသည်။ ဝယ်ယူသူအနေဖြင့် မဝယ်ယူမီ စဉ်းစားရမည်မှာ မြန်မြန်မဆုံးဖြတ်ဘဲ အချိန်အနည်းငယ်ပေး စဉ်းစားပါ။ တိုင်ပင်မည့်သူပါလျှင် တိုင်ပင်ပါ။ ပြောဆိုစည်းရုံးမှုများနှင့် ပြောကြားချက်များ၏ ဖြစ်တန်စွမ်း (Probability) ကို ထည့်သွင်းစဉ်းစားရမည်။ ပြောသည့် အားသာချက်များကိုသာ လက်ခံစဉ်းစားခြင်းအစား မပြောသည့် အားနည်းချက်များကိုလည်း စဉ်းစားပြီး ဝယ်ယူသင့်မသင့် ချင့်ချိန်ရမည်ဖြစ်သည်။ ဝယ်ယူပြီးလျှင် အမှန်တကယ် နောင်တရမှုမရှိရေးသည်လည်း အရေးကြီးသည်။ ထို့ကြောင့် မဝယ်မီတွင် "ဝယ်ယူပြီးပါက မိမိဘဝတိုးတက်ရေးနှင့် မိမိဘဝရှင်သန်ရပ်တည်ရေးအတွက် တန်ဖိုးရှိပါသလား" ဆိုသည်ကို အဓိကထား အာရုံစိုက်စဉ်းစားရမည်ဖြစ်သည်။

**လူတို့၏ စိုးရိမ်စိတ်ကို အသုံးချခြင်း**

လူများ စိုးရိမ်ပူပန်စိတ် ကြောက်စိတ်များပေါ်ပေါက်သည့်အခါတွင်လည်း ဈေးနှုန်းများ၊ အရည်အသွေးများကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ စိုးရိမ်စိတ်ကိုလျှော့ချရန်အတွက် အမိအရ ဝယ်ယူတတ်ကြသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်က Mask မှစ၍ အောက်ဆီဂျင်ဘူးများ၊ အောက်ဆီဂျင် Concentrator များ၊ လက်သန့်ဆေး စသည်တို့သည် ဈေးနှုန်းအဆမတန်မြင့်တက်ခဲ့သည်ကို မြင်နိုင်သည်။ ဝယ်ယူသူအများစုသည် မဝယ်လိုက်ရမည်ကို စိုးရိမ်စိတ်၊ အခွင့်အရေး လက်လွတ်သွားမည်ကို စိုးရိမ်စိတ်များလည်း ရှိတတ်ကြသည်။ ထိုစိတ်အခြေအနေမျိုးကို ရောင်းသူများက အသုံးချတတ်ကြသည်။ ကြော်ငြာရာတွင် ပရိုမိုးရှင်းကာလတွင် Cash Back ငွေအများအပြား ပြန်အမ်းခြင်း၊ ဈေးလျှော့ပေးခြင်း၊ တစ်ခုဝယ်တစ်ခုရ လက်ဆောင်ပေးခြင်း စသည်တို့ဖြင့် ဆွဲဆောင်ကြသည် ဖြစ်သည်။ ဝယ်ယူသူဘက်မှ ဆုံးဖြတ်ချက်ကို အလျင်အမြန်ချမှတ်ရန် လုပ်ဆောင်သည့်နည်းလမ်းများဖြစ်သည်။ ထိုသို့ "အချိန်အကန့်အသတ်ဖြင့် ဤပစ္စည်းကို ဤဈေးနှုန်းအနည်းငယ်ဖြင့်ရောင်းမည်" "ကုန်ကျန် အနည်းငယ်သာ ရှိတော့သည်" စသည့်စကားလုံးများကိုကြားသည်နှင့် မိမိအမှန်တကယ်လိုအပ်သော ပစ္စည်းဖြစ်ပါရဲ့လားဟု ဦးစွာစဉ်းစားရမည်ဖြစ်သည်။ ထိုသို့ ပရိုမိုးရှင်းကာလများတွင် အမှန်တကယ် ဈေးသက်သာသည်များလည်းရှိကြသဖြင့် ဝယ်ယူလိုသော ပစ္စည်း၏ ဈေးနှုန်း၊အရည်အသွေး စသည်တို့ကိုကြိုတင်လေ့လာထားသင့်သည်။ မကြာခဏ ဖေ့စ်ဘွတ်ခ်ပေါ်တွင် တွေ့ရတတ်သည်မှာ ကားနှင့်တိုက်ခန်း ရောင်းချသူများသည် ဈေးနှုန်းကို အပြည့်အဝမပြောဘဲ Down Payment လက်ငင်းပေးချေရမည့် ရာခိုင်နှုန်းကိုသာ ကားတစ်စီးလုံး၏တန်ဖိုးသဖွယ်ပြော၍ စည်းရုံးဆွဲဆောင်နေခြင်းမျိုး၊ လေးယောက် မနည်းစီးရသည့် ကားငယ်တစ်စီးကို ငါးယောက်စီးနိုင်သည်ပြောလျှင် လက်ခံနိုင်သေးသော်လည်း ခုနစ်ယောက်ရှစ်ယောက်စီးနိုင်သည်ဟု ဆိုခြင်းမျိုးမှာ အလွန်အကျုံပြောနေသည်မျိုးဖြစ်၍ သတိပြုရမည့် အချက်များဖြစ်သည်။

❖ ရောင်းသူများသည် ဝယ်ယူသူများကို ဆွဲဆောင်စည်းရုံးနိုင်စေရန်အတွက် နည်းမျိုးစုံသုံးစွဲတတ်ကြသည်။ အများစုသည် ဝန်ဆောင်မှုကောင်းစွာပေးခြင်း၊ ဈေးနှုန်းနှင့်အရည်အသွေးတို့ကို မျှတအောင် ဆောင်ရွက်ပေးခြင်း၊ အရည်အသွေးကိုအာမခံခြင်းစသည့် နည်းလမ်းများဖြင့် ဆွဲဆောင်စည်းရုံးတတ်ကြသည်။ သို့သော် အချို့ရောင်းသူများသည် ယှဉ်ပြိုင်ရောင်းချမှုများကိုဆောင်ရွက်ခြင်းအပြင် မသမာသောနည်းလမ်းများ၊ ဈေးဝယ်သူများကို ထင်ယောင်ထင်မှားဖြစ်စေခြင်းများကိုလည်း ဆောင်ရွက်တတ်ကြသည်။ ❖

**ပထမအထင်အမြင်ကို အသုံးပြုခြင်း (Anchoring Bias)**

ဆိုင်တစ်ဆိုင်တွင် ကုန်ပစ္စည်းတစ်ခုရှိ ဈေးနှုန်းတစ်ခုကို ခြစ်ပစ်ထားပြီး အောက်တွင်ခြစ်ပစ်ထားသောဈေးထက် သက်သာသည့် ဈေးတစ်ခုရေးထားသည်များကို မကြာခဏ တွေ့ရတတ်သည်။ ဆိုင်အတွင်း ဝင်ရောက်လာသူ ဈေးဝယ်သည် ယခင်က ထိုဆိုင်ကို ရောက်ဖူးချင်မှ ရောက်ဖူးမည်ဖြစ်သကဲ့သို့ ရောက်ခဲ့လျှင်လည်း အဆိုပါပစ္စည်း၏ ယခင်ဈေးနှုန်းကို မှတ်မိချင်မှမှတ်မိမည်ဖြစ်သည်။ မမှတ်မိကြသည်ကသာ များသည်။ ထိုအခါတွင် ခြစ်၍ဖျက်ထားသော ဈေးအမြင့်သည် ယခင်က အမှန်တကယ် ဖြစ်ပေါ်ခဲ့သည့် ဈေးဖြစ်သည်ဟု ယုံကြည်လိုက်ပြီး ယခုအောက်တွင်ဖော်ပြထားသည့်ဈေးက ခြစ်ထားသောဈေးထက် သက်သာသည်၊ ရောင်းသူက လျှော့ပေးထားခြင်းဖြစ်သည်ဟု ယုံကြည်လိုက်သည်။ ထို့ပြင် ပထမ ကနဦးသိထားသော ဈေးနှုန်းများကို အမှန်ဟု မှတ်ယူထားပြီး တွေ့ကြုံလာသည့် နောက်ဈေးများကို ဈေးတက်သည် ကျသည်ဟု ထင်မှတ်ကြသည်။ အချို့သက်ကြီးပိုင်းများသည် ဈေးဝယ်ခြင်း ကွာဝေးသွားသည့်အခါတွင် ယခင်ကစိတ်ထဲစွဲနေသော ဈေးနှုန်းများဖြင့်သာ အစဉ်သဖြင့်နှိုင်းယှဉ်ပြီး ဈေးကြီးမြင့်သည်ဟု ထင်မြင်နေတတ်ကြသည်။ ဈေးဝယ်သူအနေဖြင့် စိတ်ထဲတွင် သိထားရမည်မှာ ကနဦးဈေးနှုန်းကိုနှိုင်းယှဉ်ရန် အခြေခံဈေးနှုန်းအဖြစ်သဘောမထားဘဲ အလားတူပစ္စည်းများ၏ ပျမ်းမျှဈေးနှုန်းကိုသာအခြေခံ၍ ဈေးမှန်ကိုသိထား၊ စိတ်တွင် ပြဋ္ဌာန်းထားရန်လိုအပ်သည်။

**လူအများကြိုက်နှစ်သက်ကြောင်း ပြသခြင်း (Social Proof)**

ဈေးရောင်းကြရာတွင် မိမိတို့ရောင်းသော ကုန်ပစ္စည်းများသည် လူကြိုက်များကြောင်း၊ ဝယ်ယူသူတို့၏ သုံးသပ်ချက်များ ကောင်းကြောင်း စသဖြင့် ဖော်ပြပြီး ရောင်းဝယ်တတ်ကြသည်။ လူအများကြိုက်နှစ်သက်ကြောင်း ပြသခြင်းဖြင့် ကိုယ်လည်း အခြားသူများကဲ့သို့ ဝယ်ယူထားလိုစိတ်ကို ဖြစ်ပေါ်စေသည်။ အခြားသူများ၏ အပြုအမူကို အတုလိုက်ယူစေရန် ဆွဲဆောင်ကြခြင်းဖြစ်သည်။ ဝယ်ယူသူအနေဖြင့် သိထားသင့်သည်မှာ အများကြိုက်နှစ်သက်သော်လည်း မိမိအတွက် အကောင်းဆုံးဖြစ်ချင်မှဖြစ်မည်။ လိုချင်မှလိုအပ်မည်။ ပစ္စည်းကောင်းမွန်ကြောင်း လူအများ၏ သုံးသပ်ချက်များသည် အမှန်အစစ် သေချာမှုရှိမရှိ စိစစ်ပြီးမှ မိမိ၏ကိုယ်ပိုင်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိမရှိကို ဦးစားပေးစဉ်းစားရမည်ဖြစ်သည်။

**ကျေးဇူးတင်စိတ်ဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်း (Reciprocity)**

သေးငယ်သော လက်ဆောင်များပေးခြင်း၊ အခမဲ့ပေးခြင်း၊ ကျွေးခြင်း၊ အခမဲ့အကြံပေးခြင်း စသည့် အချက်များကို ပြုလုပ်ပေးသည့်အခါတွင် ဝယ်ယူမည့်သူစိတ်ထဲတွင် ကျေနပ်အားရမှုနှင့် ကျေးဇူးတင်ဝမ်းမြောက်မှုများ ဖြစ်ပေါ်လာသည်။ ထိုအခါတွင် ဝယ်ယူမည့်သူ၏စိတ်တွင် ကျေးဇူးဆပ်လိုစိတ်၊ ကိုယ့်ဘက်မှလည်း သိတတ်စိတ်ကို ပြသလိုလာသည်။ ကိုယ်တိုင်က သိမိချင်မှသိမည်ဖြစ်သော်လည်း လူတွင် အားနာစိတ်နှင့်ကျေးဇူးဆပ်လိုစိတ် ဖြစ်ပေါ်လာတတ်သည်။ ထို့ကြောင့် ရောင်းသူထံမှ ကုန်ပစ္စည်းကို ဝယ်ယူလိုက်ခြင်းဖြင့် ကျေးဇူးဆပ်သည်၊ ပြန်လည် ပေးဆပ်သည်ဟု ခံယူမိသွားတတ်သည်။ အခမဲ့ပေးခြင်းကို လက်ခံ၍ရသော်လည်း မဖြစ်မနေ ကျေးဇူးဆပ်သင့်သည်ဟု စိတ်တွင် ခံယူမိမသွားစေရန် သတိပေးရမည်ဖြစ်သည်။ ယဉ်ယဉ်ကျေးကျေးနှင့် ငြင်းပယ်နိုင်ရန်လည်း လေ့ကျင့်ထားရမည်ဖြစ်သည်။

**စိတ်ပိုင်းဆိုင်ရာဘက်လိုက်မှုများ**

လူသားတိုင်းတွင် စိတ်ပိုင်းဆိုင်ရာဘက်လိုက်မှုများရှိကြသည်။ အထက်ပါနည်းလမ်းများကို ရောင်းချသူများကသုံးစွဲပြီး ဝယ်ယူသူများ ဝယ်ယူလိုစိတ်နှင့် အမှန်တကယ် ဝယ်ယူလာစေရန် ဆောင်ရွက်တတ်ကြသည်။ တစ်နည်းအားဖြင့် ရောင်းချသူများသည် ရောင်းချခြင်းနည်းပညာကို စိတ်ပညာနှင့်တွဲဖက်၍ နားလည်တတ်ကြသည်။ အချို့သော ရောင်းချသူများသည် ဝယ်ယူသူများက ပေါချောင်ကောင်းကို နှစ်သက်တတ်ကြသည်ကိုသိထားပြီး ဖြစ်သည်။ ဈေးဝယ်သူအများစုသည် ဈေးသက်သာချင်သည်၊ ပေါပေါများများ ရလိုသည်၊ အရည်အသွေးလည်း ကောင်းကောင်း ရလိုကြသည်ဖြစ်သည်ဆိုသည့် အခြေအနေကို အသုံးချရောင်းချတတ်ကြသည်။ ဥပမာ - စတော်ဘယ်ရီသီးများကို ဝါးခြင်းငယ်လေးများတွင် ထည့်၍ရောင်းသည့်အခါတွင် ခြင်းအောက်ပိုင်းကို မမြင်ရသည့်အခါ အပေါ်ယံတွင် အလုံးလှလှ ကောင်းကောင်းကို တင်ထားတတ်ကြသည်။ ထိုနည်းလမ်းဖြင့် အမြင်လှပြီး အရည်အသွေးကောင်း အလုံးလှသည်ဟု ယူဆသွားတတ်ကြသည်။ ဈေးဆစ်သည့်အခါတွင်လည်း အမြီးအနည်းငယ်ကျွေးပြီး အရည်အသွေးကောင်းကြောင်းပြတတ်ပြီး ဈေးအနည်းငယ်လျှော့ပေးခြင်း (မူလကတည်းက အနည်းငယ်ပို၍ ဈေးတင်ပြောထားတတ်သည်) တို့ လုပ်တတ်ကြသည်။ ထို့ကြောင့် အောက်ပါစိတ်ပိုင်းဆိုင်ရာဘက်လိုက်မှုများကို အနည်းငယ်လေ့လာထားသင့်သည်-

- ပထမအထင်အမြင်ကို အသုံးပြုခြင်း (Anchoring Bias)
- မိမိယုံကြည်သည်ကို ထောက်ခံသည့်အချက်ရှာဖွေခြင်း (Confirmation Bias)
- ဆုံးရှုံးမှုကို အလေးထားစိတ် (Loss Aversion)
- လက်ရှိအတိုင်း နေလိုစိတ် (Status Quo Bias)
- ပုံစံချမှု သက်ရောက်ခြင်း (Framing Effect)

**ဈေးဝယ်ယူသူများအတွက် အကြံပြုချက်**

လေ့လာမှုကို ပြုလုပ်နေရမည်။ ကုန်ပစ္စည်းနှင့် အဆိုပါကုန်၏ ဈေးကွက်ပေါက်ဈေး၊ အရည်အသွေး စသည်တို့ကို ကြိုတင်လေ့လာထားသင့်သည်။ သုံးစွဲနေကြပစ္စည်းမျိုးဖြစ်လျှင် သေချာပေါက် လေ့လာထားသင့်သည်။ ဈေးနှုန်းအတက်အကျ၊ မှန်ကန်မှုဖြင့် နာမည်ကောင်းရှိသောဆိုင်များ စသည်တို့ကိုပါ လေ့လာထားရန် လိုအပ်သည်။

အချိန်ယူပါ။ အထူးသဖြင့်ဈေးကြီးသော ပစ္စည်းများကို ဝယ်ယူမည်ဆိုလျှင် အလျင်အမြန်ဆုံးဖြတ်ချက်မချရန် လိုအပ်သည်။ ပြန်လည်သုံးသပ်စဉ်းစားရန် လိုအပ်သည်။ တိုင်ပင်သင့်သူများဖြင့်လည်း တိုင်ပင်ရန် လိုအပ်သည်။

**လိုအပ်ချက်ကို ဦးစားပေးပါ**

ရောင်းသူဘက်က တွန်းအားပေးမှုကြောင့် ဝယ်ယူမည့်အစား မိမိတကယ်လိုအပ်သောအချက်များနှင့် တန်ဖိုးကိုသာ အာရုံစိုက်ရမည်။

**အခြားရွေးချယ်စရာများကို နှိုင်းယှဉ်ပါ**

ပြိုင်ဘက်ထုတ်ကုန်များနှင့် ထိုအရာများ၏ ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ပါ။ ဤအချက်များကို နားလည်ထားခြင်းဖြင့် ရောင်းသူ၏ဆွဲဆောင်မှုများကို ပိုမိုလွယ်ကူစွာ သိမြင်နိုင်ပြီး မိမိ၏သုံးစွဲမည့်

စာမျက်နှာ ၅ သို့ ☞

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ကလေး နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၆၅၇၂ ဧက၊ ဖူးစားပြောင်း ၆၃၀၇ ဧက စုစုပေါင်း ၂၂၈၇၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၆၅၇၂ ဧကတွင် တစ်ဧကလျှင် ၆၇ ဒသမ ၀၂ တင်း၊ ဖူးစားပြောင်း ၆၃၀၇ ဧကတွင် တစ်ဧကလျှင် ပြောင်းဖူးရေ ၁၆၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၂၂၈၇၉ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့်တမာပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပြောင်းကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ငွေကြေးအတွက် အကောင်းဆုံးတန်ဖိုးကို ပြန်ရရှိစေရန် ဆုံးဖြတ်နိုင်ရမည်။ သုံးစွဲလိုက်သည့် ငွေကြေးနှင့်ညီသော အရည်အသွေးမျိုးကိုမရသဖြင့် နောင်တရမနေစေရန် အရေးကြီးသည်။ ဈေးဝယ်သူများသည် ရည်ရွယ်ချက် ရှင်းရှင်းလင်းလင်း ရှိရမည်ဖြစ်သည်။ ဈေးမဝယ်ခင်နှင့် ဈေးဝယ်နေစဉ်တွင် မိမိ၏ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း သိရှိထားသင့်သည်။ အဓိကအားဖြင့် အမှန်လိုအပ်ချက် (Needs) ကို ဦးစားပေးရမည် ဖြစ်သည်။ လိုအပ်ရဲ့လား၊ လိုချင်တာလားဆိုသည်ကို သေချာရှင်းရှင်းလင်းလင်း သိရမည်ဖြစ်သည်။ ထိုသို့ သိထားမှသာ စိတ်လိုက်မာန်ပါ ဝယ်ယူမှုများ (Impulse Buying) ကို လျှော့ချနိုင်ပြီး ငွေကြေးကို ပိုမိုထိရောက်စွာ သုံးစွဲနိုင်မည်ဖြစ်သည်။

ပမာဏထက် အရည်အသွေးကို ရှာဖွေခြင်း(Quality over Quan-tity)ပြုလုပ်ရမည်။ ဝယ်ယူမည့်သူသည် "ဝယ်ယူလိုသည့်ပစ္စည်းက ဈေးသက်သာသော်လည်း ကြာရှည်ခံမည်လား" "ဒီပစ္စည်းကို အချိန်မည်မျှကြာကြာ အသုံးပြုနိုင်မည်လဲ" စသည်ဖြင့် စဉ်းစားကြည့်ရမည်။ ထိုသို့စဉ်းစားခြင်းဖြင့် တစ်ခါတစ်ရံတွင် ဈေးပိုပေးနေရသော်လည်း အရည်အသွေးကောင်းမွန်သော ပစ္စည်းများသည် ရေရှည်တွင် ကုန်ကျစရိတ် ပိုမိုသက်သာစေသည်။ အမြန်ပျက်စီးတတ်သည့် ပစ္စည်းများကို ထပ်ခါတလဲလဲ ဝယ်ယူခြင်းမျိုးကို ရှောင်ရှားနိုင်ရန် လိုအပ်သည်။

အချို့သူများသည် အရောင်အသွေးမှစ၍ အမြင်လှသည်ကို ဝယ်ယူတတ်ကြပြီး အရည်အသွေးကို နောက်မှစဉ်းစားတတ်ကြသည်။ တန်ဖိုးကို အာရုံစိုက်ခြင်း(Focus on value) ရှိရမည်။ ဈေးဝယ်သူများသည် စူစမ်းစစ်ဆေးသော စိတ်မျိုးရှိရန်လည်း လိုအပ်သည်။ ရောင်းသူမှ မည်သို့ပြောဆိုစည်းရုံးသည်ဖြစ်စေ မိမိ၏လွတ်လပ်သောစိတ်မျိုး ထားနိုင်ရမည်။ ဖိအားမရှိသော စိတ်မျိုးဖြင့် ဝယ်ယူနိုင်ရပါမည်။ ထို့ပြင် All respect, all suspect. အားလုံးကို လေးစားသော်လည်း အားလုံးကို သံသယစိတ်ဖြင့် ကြည့်ရန်လိုအပ်သည်။ ထို့ပြင် နှိုင်းယှဉ်ရရှိသည့် အချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အခြားသော အရည်အသွေးတူ၊ အမျိုးအစားတူ ပစ္စည်းများကိုလည်း နှိုင်းယှဉ်သုံးသပ်ပြီး ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ ယခုအချက်များကို သုံးစွဲပြီး ဝယ်ယူနိုင်ရန်နှင့် ဝယ်ယူသည့်အခါတွင် အမှန်ဆုံး အကောင်းဆုံး ဝယ်ယူရရှိနိုင်ရန်အတွက် ဆောင်ရွက်သွားနိုင်ပါစေကြောင်း တင်ပြအပ်ပါသည်။

**ကိုးကား**

- **ဆွစ်ဇာလန်စာရေးဆရာ Rolf Dobelli ရေးသားသော The Art of Thinking Clearly စာအုပ်။**

**မျိုးသူ(ကုန်သွယ်မြင့်)**

# မှန်ကန်သောအတွေး

\- မနာလိုမှု
ဖြူရဲ့လား တွေး၊
မဖြူတယ် သဘောထားမို့
အမှားရှေ့ပြေး။

\- အသံဟစ်ကြွေး ငါဟဲ့မာန်
မှန်ရဲ့လား တွေး၊
မမှန်တယ် အတ္တဖက်တော့
အပျက်ဆောင်ပေး။

\- ငါ့ဖို့အရေး လောဘဆောင်
အောင်ရဲ့လား တွေး၊
မအောင်တယ် ရမ္မက်ကြီးလို့
ပူမီးက ဖွေး။

\- သူ့ကိုပေး ကိုယ်မလိုရာ
ညှာတာလား တွေး၊
မညှာတာတယ် တစ်ဖက်မြင်အကြည့်ကြောင့်
အသိမဲ့သေး။

\- တွေးပါကွဲ့ အသိဆင်
ကြည်လင်ဖို့ ရေး၊
ကြည်ကြည်လင် ဘဝင်ရှင်းက
ဖြစ်ခြင်းမှာ ကောင်းကျိုးဆင့်လို့
ဂုဏ်တင့်ကာ အပူပင်ဝေးမယ်
သင် ထပ်ထပ်တွေး။ ။

**ဇေဒါမောင်(ပညာရေး)**

# ကျောင်းကုန်းမြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် နိုဝင်ဘာလ ပထမပတ်မှစတင်ပြီး ယနေ့ထိ စားတော်ပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ စားတော်ပဲများကို တစ်ပတ်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၅၀၀ မှ ၁၂၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"စားတော်ပဲတွေ အရင်ကထက် တော်တော်လေး အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်တွင်းစားသုံးမှု အားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိအရောင်းအဝယ် လုပ်နေတဲ့ စားတော်ပဲတွေက ယခင်နှစ်က လက်ကျန် ပဲအဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ပဲလုပ်ငန်းလုပ်ကိုင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာတာတွေ့ရပါတယ်။ လက်ရှိဒေသထွက် စားတော်ပဲတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှု အားကောင်းနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် စားတော်ပဲများအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၆၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နိုင်ငံတကာ သတင်းများ

## ခါ့ချ်နယ်မြေ မိုင်းရှင်းလင်းရေးလုပ်ငန်းများ၌ မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ အဓိကနေရာတွင်ပါဝင်

**မော်စကို နိုဝင်ဘာ ၁၅**

ရုရှားနိုင်ငံအနောက်ပိုင်း ခါ့ချ်နယ်မြေ မိုင်းရှင်းလင်းရေးလုပ်ငန်းများတွင် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များက အဓိကအခန်းကဏ္ဍတွင် ပါဝင်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယားတပ်ဖွဲ့များသည် ၂၀၂၄ ခုနှစ်က ခါ့ချ်နယ်မြေအတွင်း ဝင်ရောက်လာသည့် ယူကရိန်းတပ်များကို တိုက်ထုတ်ရာတွင်လည်း ရုရှားတပ်များကို အကူအညီပေးခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် ရုရှားနိုင်ငံနှင့်ရယူထားသည့် အပြန်အလှန် ကာကွယ်ရေးသဘောတူညီချက်အရ ပြီးခဲ့သည့်နှစ်အတွင်း ရုရှားနိုင်ငံသို့ တပ်ဖွဲ့ဝင်ဦးရေ ၁၄၀၀၀ ခန့် စေလွှတ်ဖြန့်ကြက်ခဲ့သည်။

လက်ရှိအချိန်တွင်လည်း မြောက်ကိုရီးယား တပ်ဖွဲ့ဝင်များသည် ခါ့ချ်နယ်မြေ မိုင်းရှင်းလင်းရေးလုပ်ငန်းများ၌ အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ခါ့ချ်နယ်မြေအတွင်းရှိ လူနေထိုင်ရာ ၆၄ နေရာအနက် ၃၇ နေရာတို့မှာ ယူကရိန်းတပ်များချန်ရစ်ခဲ့သည့် တင့်ကားဖျက်မိုင်းများ၊ မြေမြှုပ်မိုင်းများကြောင့် လူမဝင်ရဇုန်များအဖြစ် သတ်မှတ်ထားရဆဲဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံတို့သည် ပြီးခဲ့သည့်နှစ် ဇွန်လအတွင်းက နှစ်နိုင်ငံ အပြန်အလှန်ကာကွယ်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



## ဆွီဒင်နိုင်ငံတွင် နှစ်ထပ်ဘတ်စကားတစ်စီး ကားမှတ်တိုင်ကိုဝင်တိုက်ရာ လူသုံးဦး သေဆုံး

**စတော့ဟုမ်း နိုဝင်ဘာ ၁၅**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ နိုဝင်ဘာ ၁၄ ရက်က ကားမှတ်တိုင်တစ်ခုကို နှစ်ထပ်ဘတ်စကား တစ်စီးကဝင်တိုက်မိရာ လူ သုံးဦး သေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုသည် စတော့ဟုမ်းမြို့ အောစတာမဲလ်ခရိုင်ရှိ ကားမှတ်တိုင်တစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဆွီဒင်ရဲတပ်ဖွဲ့က ဘတ်စကားယာဉ်မောင်းကို ဖမ်းဆီးထိန်းသိမ်းထားပြီး လူသေမှုဖြင့် စစ်ဆေး မေးမြန်းနေကြောင်း သိရသည်။

ထို့ပြင် ယာဉ်တိုက်မှုဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို စတော့ဟုမ်းမြို့ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ဘတ်စကားမှတ်တိုင်ကို ဝင်တိုက်ချိန်တွင် နှစ်ထပ်ဘတ်စကားပေါ်၌ ခရီးသည်များ လိုက်ပါလာခြင်းမရှိကြောင်း စတော့ဟုမ်းရဲတပ်ဖွဲ့က ပြောကြားထားသည်။

အဆိုပါဖြစ်စဉ်အတွင်း သေဆုံး၊ ဒဏ်ရာရခဲ့သူများအတွက် စိတ်မကောင်းဖြစ်ရကြောင်း ဝန်ကြီးချုပ် ခရစ္စတာဆန်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အခြေခံစားသောက်ကုန်များအပေါ်ချမှတ်ထားသည့် အခွန်စည်းကြပ်မှုများကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ရုပ်သိမ်း



**ဝါရှင်တန် နိုဝင်ဘာ ၁၅**

ကော်ဖီ၊ အမဲသား၊ ငှက်ပျောသီးကဲ့သို့ အခြေခံစားသောက်ကုန်များအပေါ် ချမှတ်ထားသည့် အခွန်စည်းကြပ်မှုများကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုဝင်ဘာ ၁၄ ရက်တွင် ပြန်လည်ရုပ်သိမ်းပေးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် အမေရိကန် စားသုံးသူပြည်သူများ မကျေမနပ်ဖြစ်နေချိန်တွင် အခြေခံစားသောက်ကုန်များအပေါ် အခွန်စည်းကြပ်ထားမှုများကို ပြန်လည်ရုပ်သိမ်းပေးခြင်းဖြစ်သည်။

သမ္မတဒေါ်နယ်ထရမ့်က အခွန်စည်းကြပ်မှုများ ပြန်လည်ရုပ်သိမ်းပေးခဲ့သော အခြေခံစားသောက်ကုန်များမှာ အမျိုးအစား ၂၀၀၀ ကျော်ထိရှိကြောင်း သိရသည်။

ထို့ပြင် သမ္မတဒေါ်နယ်ထရမ့်သည် သမ္မတရာထူးရယူခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံတိုင်းမှ အခြေခံစားသောက်ကုန်များကို အခွန် ၁၀ ရာခိုင်နှုန်း တစ်ပြေးညီစည်းကြပ်ထားသည်။

သို့ဖြစ်ရာ နောက်ဆက်တွဲအကျိုးဆက်အဖြစ် ပြီးခဲ့သည့်လများအတွင်း အမေရိကန်နိုင်ငံတစ်ဝန်း၌ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာခဲ့ရသည်။

ယခုနှစ်စက်တင်ဘာလအတွင်း အမေရိကန်နိုင်ငံ၌ အမဲသားဈေးနှုန်းမှာ ပုံမှန်ထက် ၁၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂျပန်နိုင်ငံက ဝက်ဝံများအန္တရာယ်ကို ဖြေရှင်းရေးအတွက် အငြိမ်းစားစစ်မှုထမ်းဟောင်းများနှင့် အငြိမ်းစားရဲတပ်ဖွဲ့ဝင်များ၏ အကူအညီကို ရယူမည်

**တိုကျို နိုဝင်ဘာ ၁၅**

ဂျပန်နိုင်ငံက ဝက်ဝံများအန္တရာယ်ကို ဖြေရှင်းရေးအတွက် အငြိမ်းစား စစ်မှုထမ်းဟောင်းများနှင့် အငြိမ်းစား ရဲတပ်ဖွဲ့ဝင်များ၏ အကူအညီကိုရယူရန် စီစဉ်ထားကြောင်း Xinhua သတင်းဌာနက နိုဝင်ဘာ ၁၄ ရက်တွင် ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံတစ်ဝန်း ဝက်ဝံများ ရန်ပြုတိုက်ခိုက်မှု ပြဿနာကို ဖြေရှင်းရာတွင် မိမိတို့အနေဖြင့် လက်နက်ကိုင်ဆောင်မှု အတွေ့အကြုံရှိသော အငြိမ်းစား စစ်မှုထမ်းဟောင်းများနှင့် အငြိမ်းစားရဲတပ်ဖွဲ့ဝင်များ၏ အကူအညီကို ရယူမည်ဖြစ်ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

ယခုနှစ်အတွင်း ဂျပန်နိုင်ငံ၌ ဝက်ဝံများက လူများကို ရန်ပြုတိုက်ခိုက်မှုများ စံချိန်တင် မြင့်တက်လာခြင်းကြောင့် ၎င်းပြဿနာကို ဖြေရှင်းရေးအတွက် ဂျပန်အစိုးရက အငြိမ်းစား စစ်မှုထမ်းဟောင်းများနှင့် အငြိမ်းစား ရဲတပ်ဖွဲ့ဝင်များ၏ အကူအညီကို တောင်းခံထားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဂျပန်တပ်မတော်မှ တပ်ဖွဲ့ဝင်များသည် ဂျပန်နိုင်ငံ ဒေသအချို့၌ ဝက်ဝံများကို ဖမ်းဆီးသုတ်သင်ရာတွင် ပါဝင်ကူညီလျက်ရှိသည်။

ထို့ပြင် ယခုနှစ် ဧပြီလမှစ၍ ဂျပန်နိုင်ငံတစ်ဝန်းလုံး၌ ဝက်ဝံများ ရန်ပြုတိုက်ခိုက်မှုကြောင့် လူ ၁၃ ဦး သေဆုံးခဲ့ရကြောင်း ဂျပန်အစိုးရ၏ အဆိုအရ သိရသည်။

ဝက်ဝံများက လူများကို ရန်ပြုတိုက်ခိုက်မှု အဖြစ်အများဆုံးဒေသများမှာ ဂျပန်နိုင်ငံမြောက်ပိုင်း အကီတာဒေသနှင့် အီဝါတီဒေသတို့ဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## ကက်ရှ်မီးယားဒေသ ရဲစခန်းတစ်ခု၌ သိမ်းဆည်းထားသည့် ဖောက်ခွဲရေးပစ္စည်းများ ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် လူကိုးဦး သေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိ

**ဒေလီ နိုဝင်ဘာ ၁၅**

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသရဲစခန်း တစ်ခု၌ ဖမ်းဆီးသိမ်းဆည်းထားသည့် ဖောက်ခွဲရေးပစ္စည်းများ ပေါက်ကွဲမှုကြောင့် အနည်းဆုံး လူ ကိုးဦးသေဆုံးပြီး ၂၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ယနေ့တွင် သတင်း ထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

နိုဝင်ဘာ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အဆိုပါပေါက်ကွဲမှုသည် ဖောက်ခွဲရေးပစ္စည်းများ လေ့လာစစ်ဆေးနေချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။



ဖောက်ခွဲရေး ပစ္စည်းများ ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သူများမှာ အဆိုပါဖောက်ခွဲရေးပစ္စည်းများကို စစ်ဆေးနေသည့် ရဲတပ်ဖွဲ့ဝင်များ၊ အစိုးရတာဝန်ရှိသူများ၊ မှုခင်းကျွမ်းကျင်သူများဖြစ်ကြောင်း အိန္ဒိယ တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ဖောက်ခွဲရေးပစ္စည်းများပေါက်ကွဲမှု နောက်ခံအကြောင်းရင်းနှင့် ပျက်စီးမှုများကို ကက်ရှ်မီးယားဒေသ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

နိုဝင်ဘာ ၁၄ ရက်က ပေါက်ကွဲမှုဖြစ်စဉ်သည် မတော်တဆဖြစ်ပွားခဲ့သည့်ပေါက်ကွဲမှုဖြစ်နိုင်ပြီး စစ်သွေးကြွများ ပါဝင်နေမှုနှင့်ပတ်သက်၍ အထောက်အထားမတွေ့ရသေးကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။

ကက်ရှ်မီးယား ဒေသသည် အိန္ဒိယဗဟိုအစိုးရအား ဆန့်ကျင်တိုက်ခိုက်နေသည့် စစ်သွေးကြွအုပ်စုများ လှုပ်ရှားနေသောနေရာဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ESCAPADE မစ်ရှင် အာကာသယာဉ်များကို ဘလူးအော်ရီဂျင်ကုမ္ပဏီက New Glenn ဒုံးပျံဖြင့် လွှတ်တင်ခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၁၅**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ၏ ESCAPADE မစ်ရှင် အာကာသယာဉ်များကို ဘလူးအော်ရီဂျင်ကုမ္ပဏီက New Glenn ဒုံးပျံဖြင့် နိုဝင်ဘာ ၁၄ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ယနေ့ သတင်းများတွင်ဖော်ပြထားသည်။

ESCAPADE မစ်ရှင်အာကာသယာဉ်များသည် သယ်ဆောင်ထားသည့် New Glenn ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မိနစ်အနည်းငယ်အကြာတွင် New Glenn ဒုံးပျံ၏ ပထမအဆင့်ပင်မကိုယ်ထည်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် ရေယာဉ်တစ်စင်းပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

ထိုအောင်မြင်မှုကြောင့် ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ဒုံးပျံယာဉ်ပင်မကိုယ်ထည်များကို ပြန်လည်တပ်ဆင်နိုင်ခဲ့သည့် ဒုတိယမြောက် အာကာသနည်းပညာကုမ္ပဏီဖြစ်လာခဲ့သည်။

လွှတ်တင်ပြီး မိနစ် ၃၀ ခန့်အကြာတွင် New Glenn ဒုံးယာဉ်သည် ESCAPADEမစ်ရှင်အာကာသယာဉ်နှစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ESCAPADE မစ်ရှင်သည် New Glenn ဒုံးပျံ၏ ဒုတိယမြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးသုံးဦး ကမ္ဘာမြေပြင်ပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့

**ပေကျင်း နိုဝင်ဘာ ၁၅**

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးသုံးဦးသည် နိုဝင်ဘာ ၁၄ ရက်တွင် ကမ္ဘာမြေပြင်ပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးသုံးဦးတို့သည် အာကာသအမှိုက် ထိမှန်ထားဖွယ်ရှိသော ရှန်ကျိုး-၂၀ အာကာသယာဉ်အစား ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်ဖြင့် ပြန်လည်ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။



အဆိုပါ အာကာသယာဉ်မှူးသုံးဦးလိုက်ပါလာသည့် ရှန်ကျိုး-၂၁ အာကာသယာဉ်သည် နိုဝင်ဘာ ၁၃ ရက်တွင် တီယန်ကောင်းအာကာသစခန်းမှစတင်ထွက်ခွာလာခဲ့ပြီး နိုဝင်ဘာ ၁၄ ရက်တွင် တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားဒေသ တုန်ဖန်းနယ်မြေ၌ ပြန်လည်ဆင်းသက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးသုံးဦးသည် မူလက နိုဝင်ဘာ ၅ ရက်တွင် ကမ္ဘာမြေအပြန်ခရီး စတင်ရန် စီစဉ်ထားသော်လည်း ရှန်ကျိုး-၂၀ အာကာသလူသယ်ယာဉ်ကို အာကာသအမှိုက်ထိမှန်ထားဖွယ်ရှိခြင်းကြောင့် အစီအစဉ်ရွှေ့ဆိုင်းခဲ့ရပြီး တီယန်ကောင်းအာကာသစခန်း၌ ဆက်လက်နေထိုင်ခဲ့ကြသည်။

ယခုနှစ် ဧပြီ ၂၄ ရက်တွင် လွှတ်တင်ခဲ့သော ရှန်ကျိုး-၂၀ မစ်ရှင်သည် တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ ကိုးကြိမ်မြောက် တီယန်ကောင်းအာကာသစခန်း အာကာသယာဉ်မှူးသယ်ယူပို့ဆောင်ရေး မစ်ရှင်ဖြစ်ကြောင်း၊ ရှန်ကျိုး-၂၁ အာကာသမစ်ရှင်ကိုမူ တရုတ်အမျိုးသား အာကာသအေဂျင်စီက ယခုနှစ် အောက်တိုဘာ ၃၁ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ULA က ViaSat-3 F2 ဆက်သွယ်ရေးဂြိုဟ်တုကို အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်

**ဝါရှင်တန် နိုဝင်ဘာ ၁၅**

အမေရိကန်နိုင်ငံ အခြေစိုက် United Launch Alliance(ULA) သည် ViaSat-3 F2 အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုကို အက်တလပ်စ်-၅ ဒုံးပျံဖြင့် နိုဝင်ဘာ ၁၄ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ViaSat-3 F2 ဆက်သွယ်ရေးဂြိုဟ်တုကို သယ်ဆောင်ထားသည့် အက်တလပ်စ်-၅ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၃ ဒသမ ၄ နာရီအကြာတွင် အက်တလပ်စ်-၅ ဒုံးပျံသည် ViaSat-3 F2 ဆက်သွယ်ရေးဂြိုဟ်တုကို ကြားခံပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း United Launch Alliance(ULA) က သတင်းထုတ်ပြန်ထားသည်။

အလေးချိန် ကီလိုဂရမ် ၅၉၀၀ ရှိသော ViaSat-3 F2 ဆက်သွယ်ရေးဂြိုဟ်တုသည် အထက်ပါ ကြားခံပတ်လမ်းမှ တစ်ဆင့် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်အကွာတွင်ရှိသော ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

ULA ကုမ္ပဏီသည် မစ်ရှင်ပေါင်း ၁၀၀ ကျော်အတွက် အသုံးပြုထားပြီးဖြစ်သည့် အက်တလပ်စ်-၅ ဒုံးပျံကို ၂၀၃၀ ပြည့်နှစ်အရောက်တွင် အနားပေး၍ ဗော်လ်ကန်စင်တော် ဒုံးပျံသစ်ကို စတင်အသုံးပြုမည် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ဆီးချိုရောဂါဆေးတစ်မျိုးကြောင့် နေ့စဉ်လမ်းလျှောက်ခြင်းမှရသော ကျန်းမာရေးအကျိုးကျေးဇူးများ လျော့သွားနိုင်

**နယူးယောက် နိုဝင်ဘာ ၁၅**

လူသုံးများသည့် ဆီးချိုရောဂါဆေးတစ်မျိုးကြောင့် နေ့စဉ်လမ်းလျှောက်ခြင်းမှရသော ကျန်းမာရေးအကျိုးကျေးဇူးများလျော့သွားနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

မက်ဖော်မင် ဆီးချိုဆေးများသည် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်းမှ ရရှိသော ကျန်းမာရေးအကျိုးကျေးဇူးများကို ပိတ်ပင်နိုင်ဖွယ်ရှိကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ဇီဝဓာတုပြောင်းလဲမှုပြဿနာများ ပေါ်လာနိုင်ခြေမြင့်မားသော လူ ၇၂ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လေ့ကျင့်ခန်းပြုလုပ်ခြင်းသက်သက်ဖြင့် လူ့ကိုယ်ခန္ဓာ၏ အင်ဆူလင်ဟော်မုန်းတုံ့ပြန်နိုင်စွမ်း မြင့်တင်နိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိ ကျန်းမာရေးညွှန်ကြားချက်များတွင် သွေးတွင်းသကြားဓာတ်ပါဝင်မှုနှုန်း မြင့်မားသူများအနေဖြင့် မက်ဖော်မင်ဆီးချိုဆေးသောက်သုံး၍ လေ့ကျင့်ခန်းပြုလုပ်ရန် အကြံပြုထားသော်လည်း မက်ဖော်မင်ဆေး တိုက်ကျွေးထားပါက လေ့ကျင့်ခန်းပြုလုပ်ခြင်းမှ ရယူနိုင်သည့် အကျိုးကျေးဇူးများ လျော့ပါးသွားသည်ကို တွေ့ရသည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အမေရိကန်တွင် အဆုတ်ကင်ဆာကုထုံးများ တိုးတက်လာသောကြောင့် လူနာများသက်တမ်းပိုရှည်လာ

**နယူးယောက် နိုဝင်ဘာ ၁၅**

အဆုတ်ကင်ဆာရောဂါသည် အမေရိကန်နိုင်ငံ၌ သေဆုံးမှုနှုန်း အမြင့်ဆုံးကင်ဆာရောဂါတစ်မျိုးအဖြစ် ရပ်တည်နေဆဲဖြစ်သော်လည်း ရောဂါစစ်ဆေးဖော်ထုတ်မှု၊ ခွဲစိတ်ကုသမှု၊ လူတစ်ဦးချင်းအလိုက် ကုထုံးများတိုးတက်လာသောကြောင့် လူနာများ၏ သက်တမ်းမှာ ပိုရှည်လာကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

အဆုတ်ကင်ဆာသည် လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ၏ လူသေဆုံးမှုနှုန်း အမြင့်ဆုံးကင်ဆာရောဂါများထဲတွင် ပါဝင်ကြောင်း ယေးလ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ရောဂါစစ်ဆေးဖော်ထုတ်မှုပုံစံ တိုးတက်လာမှုနှင့် ကုထုံးများ တိုးတက်လာမှုတို့ကြောင့် အဆုတ်ကင်ဆာလူနာများ၏အသက်လည်း ပိုရှည်လာကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် Low-dose CT Scanခေါ် ရောဂါစစ်ဆေးဖော်ထုတ်မှုပုံစံသည် အဆုတ်ကင်ဆာကို စောစီးစွာ ဖော်ထုတ်ပေးနိုင်ပြီး ရောဂါကြောင့် အသက်ဆုံးပါးနိုင်မှုနှုန်းကို ၂၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဆာလာဟ်၏နေရာတွင် အစားထိုးရန် အိုလီဆီကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် လီဗာပူးအသင်း ကြိုးပမ်း

**လန်ဒန် နိုဝင်ဘာ ၁၅**

လီဗာပူးအသင်းသည် အသင်းမှ ထွက်ခွာရန်ပြင်ဆင်နေသည့် တောင်ပံတိုက်စစ် ကစားသမား ဆာလာဟ်နေရာတွင် ဘိုင်ယန်မြူးနစ်အသင်းမှ တောင်ပံတိုက်စစ် ကစားသမားအိုလီဆီနှင့် အစားထိုးရန်ဆုံးဖြတ်ခဲ့ကြောင်း Football365 သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

လီဗာပူးအသင်းသည်နောက်ဆုံး ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ယခုရာသီတွင် အမှတ်ပေးပြိုင်ပွဲ ငါးပွဲ ရှုံးပွဲကြုံတွေ့ခဲ့ရာ တိုက်စစ်ပိုင်းအတွက် အိုလီဆီကိုပစ်မှတ်ထားလိုက် စံချိန်တင်ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀၀ ဖြင့် ခေါ်ယူရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဆာလာဟ်သည် လီဗာပူးအသင်း တိုက်စစ်ကို အဓိကဦးဆောင်နေသည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ယခုရာသီတွင် ပြိုင်ပွဲစုံ ၁၆ ပွဲ ကစားပြီး သွင်းဂိုး ငါးဂိုးသာသွင်းယူနိုင်ခဲ့သောကြောင့် ပုံစံကောင်း ပျောက်ဆုံးလာသဖြင့် အသင်းတာဝန်ရှိသူများက ဆာလာဟ်နေရာတွင် ဘိုင်ယန်မြူးနစ် တောင်ပံတိုက်စစ်ကစားသမား အိုလီဆီကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူ၍ အသင်းတိုက်စစ်ပိုင်းကို ပြန်လည်တည်ဆောက်မည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တောင်ပံတိုက်စစ် ကစားသမား ဆာလာဟ်သည် လီဗာပူးအသင်းနှင့် ၂၀၂၇ ခုနှစ်ထိ သက်တမ်းကျန်ရှိနေပြီး ၎င်းအနေဖြင့် ကစားပုံကျဆင်းလာသော်လည်း ဆော်ဒီပရိုလိဂ်အသင်းများနှင့် အီဂျစ်ကလပ်အသင်းများက အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေသဖြင့် ၎င်းကိုရောင်းချပါက ယူရို သန်း ၁၅၀ ဝန်းကျင်ခန့် ရရှိနိုင်ကြောင်း သိရသည်။

Ref : Football365

Trs : ML



## အားကစားသတင်းအတိုအထွာများ

- အေဗီလာအသင်းအနေဖြင့် လီဗာပူးအသင်းမှ ကွင်းလယ်ကစားသမား အီလီယော့ကို အပြီးသတ်ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းဖြင့် ခေါ်ယူလျှင် ပွဲထွက်ခွင့် ပိုမိုပေးရမည်ဖြစ်ကြောင်း သိရသည်။
- လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အတ္တလန်တာအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသည့် တိုက်စစ်မှူး လွတ်မန်းကိုခေါ်ယူရန် အေတီကိုအသင်းက ပြောင်းရွှေ့ကြေး ယူရိုသန်း ၆၀ ထိ အသုံးပြုရန်အသင့်ဖြစ်နေကြောင်း သိရသည်။
- ဒေါ့မွန်အသင်း တိုက်စစ်မှူး အဒီရီမီကို ခေါ်ယူရန် အာဆင်နယ်အသင်းက ကစားသမား၏ အေးဂျင့်ဖြစ်သူနှင့် တွေ့ဆုံခဲ့ကြောင်းသိရသည်။

ML

# အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲ အောက်တိုဘာလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို ကိုဗင်ထရီအသင်းနည်းပြ လမ်းပတ် ဆွတ်ခူး

**လန်ဒန် နိုဝင်ဘာ ၁၅**

အင်္ဂလန် ချန်ပီယံရှစ်ပြိုင်ပွဲ၏ အောက်တိုဘာလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို ကိုဗင်ထရီအသင်း နည်းပြ လမ်းပတ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း MSN သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

အဲဗာတန်အသင်းနှင့် ချဲလ်ဆီးအသင်းနည်းပြဟောင်း လမ်းပတ်သည် ယခုနှစ်ဘောလုံးရာသီတွင် ကိုဗင်ထရီအသင်းကို အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ကစားခဲ့သည့် ပွဲစဉ်များတွင်လည်း ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် အသင်းကိုလည်း အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။




နည်းပြလမ်းပတ်သည် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ကိုဗင်ထရီအသင်းကို အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ခြောက်ပွဲတာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ငါးပွဲအနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး တစ်ပွဲသာ ရှုံးနိမ့်ခဲ့ကာ ရမှတ် ၁၅ မှတ်ထိ ရရှိအောင် စွမ်းဆောင် ပေးနိုင်ခဲ့ပြီးနောက် အင်္ဂလန်ချန်ပီယံရှစ် ပြိုင်ပွဲ၏ အောက်တိုဘာလ အတွက် တစ်လတာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဘောလုံးရာသီတွင် ကိုဗင်ထရီအသင်းသည် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ၁၅ ပွဲကစားပြီးချိန်တွင် ၁၀ ပွဲ အနိုင်ရရှိခဲ့ကာ လေးပွဲသရေနှင့် တစ်ပွဲသာ ရှုံးနိမ့်ခဲ့ပြီး ရမှတ် ၃၄ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ရပ်တည်နေကြောင်း သိရသည်။

Ref : MSN

Trs : STA

# တိုက်စစ်မှူးအမ်ဘက်ပီကို ရီးရဲလ်မက်ဒရစ်သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်

**ပဲရစ် နိုဝင်ဘာ ၁၅**

တိုက်စစ်မှူး အမ်ဘက်ပီသည် ယူကရိန်းအသင်းနှင့် ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် ရရှိခဲ့သည့် ခြေချင်းဝတ်ဒဏ်ရာကြောင့် ပြင်သစ်အသင်း လူစာရင်းမှ ပယ်ဖျက်၍ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အသက် ၂၆ နှစ်ရှိ တိုက်စစ်မှူး အမ်ဘက်ပီသည် ယူကရိန်းအသင်းနှင့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူ၍ အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သောကြောင့် စကန်ဖတ်စစ်ဆေးမှု ပြုလုပ်ခဲ့ရာ အနားယူရန်လိုအပ်နေ၍ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

၎င်း၏ ဒဏ်ရာအခြေအနေကို နည်းပြဒက်ချမ့်နှင့် ရီးရဲလ်မက်ဒရစ်အသင်း ဆေးအဖွဲ့တို့ ဆွေးနွေးတိုင်ပင်ခဲ့ရာ ဒဏ်ရာပြင်းထန်မှုမရှိသော်လည်း လာမည့်ပွဲစဉ်ကို ပါဝင်နိုင်မည် မဟုတ်သောကြောင့် ပြင်သစ် ဘောလုံးအဖွဲ့ချုပ်က အသင်းလူစာရင်းမှ ထွက်ခွာခွင့်ပြုခဲ့ကြောင်းသိရသည်။

ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား ကာမာဗင်ဂါသည်လည်း ပြင်သစ်အသင်းနှင့်ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ကြွက်သားဒဏ်ရာ ရရှိခဲ့သဖြင့် စောစီးစွာ အသင်းမှ ထွက်ခွာခဲ့ရသည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် နိုင်ငံတကာပြိုင်ပွဲကာလ ပြီးဆုံးချိန် နိုဝင်ဘာ၂၃ ရက်တွင် အယ်ချီအသင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် အိုလံပီယာကို့စ်အသင်းတို့နှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML

# The ANNIKA driven by Gainbridge at Pelican

# ဂေါက်သီးရိုက်ပြိုင်ပွဲအမှတ်ပေးဇယားကို ဂရေ့စ်ကင်မ်နှင့် လင်ဂရန့်တို့ ပူးတွဲဦးဆောင်

**ဖလော်ရီဒါ နိုဝင်ဘာ ၁၅**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် The ANNIKA driven by Gainbridge at Pelican ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ဆွီဒင်ဂေါက်သီးရိုက်မယ် လင်ဂရန့်နှင့် ဩစတြေးလျ ဂေါက်သီးရိုက်မယ် ဂရေ့စ်ကင်မ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ရှူဟဲရန်နှင့် အမေရိကန်ဂေါက်သီးရိုက်မယ် ကပ်ချိုတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး မက္ကဆီကိုဂေါက်သီးရိုက်မယ် လိုပက်ဇ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။



ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသော အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါသည်လည်း ဒုတိယနေ့တွင် ရလဒ်ကောင်းခဲ့ပြီး အမှတ်ပေးဇယား၏ T6 နေရာသို့ တက်ရောက်လာနိုင်ခဲ့သည်။

ပြိုင်ပွဲ၏ ထူးခြားမှုတစ်ရပ်အနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မြေးဖြစ်သူ ကိုင်ထရမ့်သည်လည်း ကစားသမားဘဝ၏ ပွဲဦးထွက်အနေဖြင့် ပါဝင်ယှဉ်ပြိုင်လာခဲ့သော်လည်း ဒုတိယနေ့အပြီးတွင် ရလဒ်မကောင်းခဲ့သည့်အတွက် Cut စာရင်းတွင် ပါဝင်သွားခဲ့သည်။

ကိုင်ထရမ့်က "ပထမနေ့မှာ စိတ်လှုပ်ရှားပြီး စိုးရွံ့နေခဲ့မိပါတယ်။ စိတ်လှုပ်ရှားနေခဲ့လို့ အခုလို ရလဒ်တွေမကောင်းခဲ့တာပါ။ ဒုတိယနေ့မှာတော့ တော်တော်လေးတည်ငြိမ်လာခဲ့တယ်။ လွတ်လပ်ပေါ့ပါးစွာ ကစားနိုင်လာခဲ့တယ်။ ပထမဆုံးအတွေ့အကြုံ ဖြစ်တဲ့အတွက်ကြောင့်လဲ အခုလို ပြိုင်ပွဲကနေ စောစီးစွာထွက်ခဲ့ရတာပါ။ ဒီထက်ပိုကောင်းလာအောင် ကြိုးစားလေ့ကျင့်သွားမယ်။ နောက်ပြိုင်ပွဲတွေမှာ ရလဒ်ပိုင်း ဒီထက်ပိုပြီး တိုးတက်လာမယ်လို့လဲ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL

# ၁၇ ကြိမ်မြောက် အရှေ့တောင်အာရှ အသက် ၁၈ နှစ်အောက် နှင့် အသက် ၂၀ အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်ကစားသမားများ ရွှေတံဆိပ်နှင့် ကြေးတံဆိပ်များရရှိ



**ရန်ကုန် နိုဝင်ဘာ ၁၅**

၁၇ ကြိမ်မြောက် အရှေ့တောင်အာရှ အသက် ၁၈ နှစ်အောက်နှင့် အသက် ၂၀ အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ North Sumatera, Medan ရှိ Madya Stadium တွင် နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်ထိ ကျင်းပလျက်ရှိရာ မြန်မာ ပြေးခုန်ပစ်အားကစားအဖွဲ့က ရွှေတံဆိပ်နှင့် ကြေးတံဆိပ်ဆုများရရှိခဲ့ကြောင်း သိရသည်။

၁၇ ကြိမ်မြောက် အရှေ့တောင်အာရှ အသက် ၁၈ နှစ်အောက်နှင့် အသက် ၂၀ အောက် ပြေးခုန်ပစ်ပြိုင်ပွဲ၌ ယနေ့တွင် မြန်မာနိုင်ငံအားကစားအဖွဲ့က အသက် ၂၀ အောက် မီတာ ၁၅၀၀ အမျိုးသား အပြေးပြိုင်ပွဲတွင် ရဲရင့်အောင်က လည်းကောင်း၊ အသက် ၁၈ နှစ်အောက် အမျိုးသားလှံတံပစ်ပြိုင်ပွဲတွင်ချစ်မင်းအောင်ကလည်းကောင်း အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များကို အသက် ၁၈ နှစ်အောက် အမျိုးသား လှံတံပစ်ပြိုင်ပွဲတွင် ချစ်မင်းအောင် ၆၃ ဒသမ ၈၅ မီတာဖြင့် ပထမ ရွှေတံဆိပ်ဆုကို လည်းကောင်း၊ အသက် ၂၀ အောက် မီတာ ၁၅၀၀ အမျိုးသား အပြေးပြိုင်ပွဲတွင် ရဲရင့်အောင်က တတိယနေရာမှ ပန်းဝင်ခဲ့သည့်အတွက် ကြေးတံဆိပ်ကိုလည်းကောင်း အသီးသီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

၁၇ ကြိမ်မြောက် အရှေ့တောင်အာရှ အသက် ၁၈ နှစ်အောက်နှင့် အသက် ၂၀ အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အရှေ့တောင်အာရှနိုင်ငံများမှ မြန်မာအပါအဝင် ပြေးခုန်ပစ် အားကစားသမား ၂၀၈ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **STA**

# ATP Finals အုပ်စုအဆင့်ကို အုပ်စုပထမနေရာဖြင့် ဂျန်နစ်ခ်ဆင်နာ တက်ရောက်

**တူရင် နိုဝင်ဘာ ၁၅**

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပနေသည့် ATP Finals အုပ်စုအဆင့် အုပ်စုနောက်ဆုံးပွဲစဉ်တစ်ပွဲအဖြစ် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် အမေရိကန် တင်းနစ်ကစားသမား ဘင်ရှယ်တန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၃၊၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ အုပ်စုပထမနေရာဖြင့် တက်ရောက်သွားခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် တစ်ဖက်အုပ်စုမှ အုပ်စုပထမနေရာဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့သော စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဆီမီးဖိုင်နယ်အဆင့်တွင် မတွေ့ဆုံရရေးအတွက် အနိုင်ရရှိအောင် ကြိုးစားကစားခဲ့သည်။

ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရသည်။

ဂျန်နစ်ခ်ဆင်နာက “တူရင်မြို့မှာ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရရေးဆိုတဲ့ ရည်ရွယ်ချက်က ကျွန်တော့်ကို တက်ကြွစေခဲ့တယ်။ အုပ်စုအဆင့်ကိုလဲ ပထမနေရာနဲ့ ကျော်ဖြတ်နိုင်ဖို့အတွက် အကောင်းဆုံး ကြိုးစားကစားခဲ့ပါတယ်။ ဒီပြိုင်ပွဲဟာ နှစ်တစ်နှစ်ရဲ့ နောက်ဆုံးပြိုင်ပွဲ ဖြစ်သလို အကောင်းဆုံး ရလဒ်တွေရထားတဲ့ ကစားသမားတွေကို စုဖွဲ့ကျင်းပပေးတဲ့ ပြိုင်ပွဲဖြစ်တဲ့အတွက် ချန်ပီယံတွေကြားထဲက ချန်ပီယံတစ်ယောက်ဖြစ်ခွင့်ရမဲ့အခွင့်အရေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြိုင်ဘက်တွေကို ဘယ်တော့မှ လျှော့မတွက်သလို အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ပြီဖြစ်ပေမဲ့လဲ အုပ်စုနောက်ဆုံးပွဲစဉ်ကို ရေကုန်ရေခန်း ကစားခဲ့တာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : TSN**

**Trs : AZL**

# ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲသမိုင်းတစ်လျှောက် အုပ်စုပွဲစဉ်အားလုံး ဂိုးမပေးရသည့် ပထမဆုံးဥရောပအသင်းအဖြစ် အင်္ဂလန်အသင်း စံချိန်တင်နိုင်ရန်နီးစပ်နေ

**လန်ဒန် နိုဝင်ဘာ ၁၅**



အင်္ဂလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ (ဥရောပဇုန်) အုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် ဆားဘီးယားအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ သမိုင်းတစ်လျှောက် အုပ်စုပွဲစဉ်အားလုံးတွင် ဂိုးမပေးရသည့် ပထမဆုံး ဥရောပအသင်းအဖြစ် စံချိန်သစ်တင်နိုင်ရန် နီးစပ်လျက်ရှိနေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်အသင်းသည် နည်းပြ တူချယ်လက်အောက်၌ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုပွဲစဉ်များတွင် ရလဒ်များ ဆက်တိုက်ကောင်းမွန်နေပြီး အုပ်စုခုနစ်ပွဲ ကစားပြီးချိန်တွင် ခုနစ်ပွဲလုံး အနိုင်ရရှိထားကာ အသင်းခံစစ်ပိုင်းမှာလည်း ပေးဂိုးမရှိခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် ဆားဘီးယားအသင်းနှင့် ပွဲစဉ်မတိုင်မီကတည်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီဖြစ်သော်လည်း အသင်းသမိုင်းတစ်လျှောက် စံချိန်မှတ်တမ်းကောင်း တစ်ရပ်အတွက် ပေးဂိုးမရှိခဲ့ဘဲ နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားမည့် အယ်လ်ဘေးနီးယားအသင်းနှင့်ပွဲစဉ်တွင် ပေးဂိုးမရှိဘဲ အနိုင်ရရှိမည်ဆိုပါက ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲသမိုင်းတစ်လျှောက် အုပ်စုပွဲစဉ်များအားလုံး ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်မည့်အပြင် အင်္ဂလန်အသင်း သမိုင်းတစ်လျှောက်တွင် အုပ်စုပွဲစဉ်အားလုံး အနိုင်ရရှိသည့် စံချိန်သစ်တစ်ရပ်ကိုလည်း ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

**Ref : Fotmob**

**Trs : STA**

# ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ(အာဖရိကဇုန်)Play-off ဗိုလ်လုပွဲစဉ်အဖြစ် နိုင်ဂျီးရီးယားအသင်းနှင့် ကွန်ဂိုအသင်းတို့ ကစားရမည်

**အဘူဂျာ နိုဝင်ဘာ ၁၅**

ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ (အာဖရိကဇုန်) Play-off ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ကင်မရွန်းအသင်းနှင့် ကွန်ဂိုအသင်းတို့ကစားခဲ့ရာ ကွန်ဂိုအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် နိုင်ဂျီးရီးယားအသင်းနှင့်ကစားရမည်ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ (အာဖရိကဇုန်) Play-off ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် နိုင်ဂျီးရီးယားအသင်းနှင့်ဂါဘွန်အသင်းတို့ကစားခဲ့ရာ ပွဲချိန်အတွင်း တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်နေသည့်အတွက် အချိန်ပို ဆက်လက်ကစားခဲ့ရာ နိုင်ဂျီးရီးယားအသင်းက သုံးဂိုး ထပ်မံ သွင်းယူနိုင်ခဲ့ကာ လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ(အာဖရိကဇုန်) Play-off ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ကင်မရွန်းအသင်းနှင့် ကွန်ဂိုအသင်းတို့ကစားခဲ့ရာတွင် ကွန်ဂိုအသင်းက ကင်မရွန်းအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ကွန်ဂိုအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၇၄ ခုနှစ်က ကွန်ဂိုနိုင်ငံဟု အမည်မပြောင်းလဲမီ ဇိုင်ရီနိုင်ငံအမည်ဖြင့် တစ်ကြိမ်ဝင်ခွင့်ရရှိထားပြီး ယခုအခါ ၁၉၇၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိရန် နီးစပ်လာခဲ့ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားအသင်းနှင့် ကွန်ဂိုအသင်းတို့သည် ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ(အာဖရိကဇုန်) Play-off ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၁၇ ရက်တွင် ကစားသွားမည်ဖြစ်ပြီး အနိုင်ရရှိသည့်အသင်းအနေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ **Ref : Fotmob**

**Trs : STA**

# WBO ယာယီချန်ပီယံဟောင်း ဂျိုးဆပ်ပါကား တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိ

**ဝယ်လင်တန် နိုဝင်ဘာ ၁၅**

WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ယာယီချန်ပီယံဟောင်း နယူးဇီလန်လက်ဝှေ့သမား ဂျိုးဆပ်ပါကားသည် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် အနည်းဆုံး တစ်နှစ်ခန့်ထိ ပွဲပယ်ပြစ်ဒဏ် ကျခံသွားရဖွယ်ရှိနေကြောင်း Voluntary Anti-Doping Association (VADA) အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု RNZ သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိယာယီချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ဂျိုးဆပ်ပါကားသည် စိန်ခေါ်သူ ဗြိတိန်လက်ဝှေ့သမား ဝက်ဒ်လေနှင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဝက်ဒ်လေက ၁၁ ချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

အဆိုပါပွဲစဉ်တွင် လက်ရှိ ယာယီကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆုံးရှုံးခဲ့ရသော ဂျိုးဆပ်ပါကားသည် ယင်းပွဲစဉ်အတွက် ဆေးစစ်မှုပြုလုပ်ခဲ့ပြီး ဆေးစစ်ချက်ရလဒ်များ ထွက်ပေါ်လာခဲ့ရာ တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဂျိုးဆပ်ပါကား၏ Promotion ကုမ္ပဏီဖြစ်သည့် Queensberry Promotions ကုမ္ပဏီက “အောက်တိုဘာ ၂၅ ရက်က ဝက်ဒ်လေနဲ့ ထိုးသတ်ခဲ့တဲ့ ပွဲစဉ်အတွက် တားမြစ်ဆေးဝါး စစ်ဆေးထားမှုရလဒ် ထွက်ပေါ်လာခဲ့ပါပြီ။ ဆေးစစ်ချက်အရ ဂျိုးဆပ်ပါကားဟာ တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရတယ်လို့ Voluntary Anti-Doping Association (VADA) အဖွဲ့အစည်းက အသိပေးလာပါတယ်။ လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေ ထပ်မံပြုလုပ်သွားမှာဖြစ်ပြီးတော့ သေချာတယ်ဆိုရင်တော့ ဂျိုးဆပ်ပါကားအနေနဲ့ အနည်းဆုံး တစ်နှစ်လောက် ပွဲပယ်ပြစ်ဒဏ်နဲ့ ရင်ဆိုင်သွားရဖွယ်ရှိနေပါတယ်”ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **Ref : RNZ**

**Trs : AZL**

# နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

## ညွန့်ဝင်း(နတ်တလင်း)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စီးပွားရေးလုပ်ကိုင်သော နိုင်ငံဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ခေတ်မီနည်းစနစ်များ အသုံးပြု၍ ကြိုးစားလုပ်ကိုင်ခြင်းဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-Based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး"ဟူသော ဦးတည်ချက်လည်းပါရှိသည်။ ၎င်းဦးတည်ချက်အတိုင်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အခြေခံအားဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်သူများဖြစ်ပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင်နေထိုင်ကြသည်။ အဆိုပါလူဦးရေများထဲမှ ၅၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြု၍ နေထိုင်သူများဖြစ်ကြသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားကိုမြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ကျေးလက်စီးပွားရေးမြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှုများကို လျှော့ချနိုင်မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍတွင် သာမန်အားဖြင့် ကောက်ပဲသီးနှံများသာမက စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စက်မှုလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သည်။ နိုင်ငံ၏ အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် ဒေသတွင်းရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး MSME ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧက သီးနှံအထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်ပေသည်။ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပန်းတိုင်ရည်မှန်းချက်မပြည့်မီသေးပေ။ စိုက်ပျိုးရေးတွင် ပန်းတိုင်အထွက်နှုန်းများတိုးတက်စေရေး မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့်အချက်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်ဧက ပန်းတိုင်အထွက်နှုန်းများတိုးတက်လာစေရေးဆောင်ရွက်ရာ

**❖ နိုင်ငံ၏အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် ဒေသတွင်းရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး MSME ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ❖**

တွင် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ စိုက်ပျိုးမြေများကောင်းမွန်လာစေရန် လိုအပ်သည့် မြေဩဇာများထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ စိုက်ပျိုးရေကို အကျိုးရှိစွာအသုံးချရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန်လိုအပ်ပေသည်။ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများကလည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးတောင်သူများအနေဖြင့် ကိုယ်တိုင်အကျိုးခံစားနိုင်မည်ဖြစ်သည်။

ယခုအခါ ကမ္ဘာတွင် AI နည်းပညာအသုံးပြု ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အလျင်အမြန်တိုးတက်လာနေသည်။ ကမ္ဘာတွင် AI နှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ခေတ်ပြောင်းတော်လှန်ရေးကို ဦးဆောင်နေသည့်နိုင်ငံများတွင် တရုတ်နိုင်ငံသည် ထိပ်ဆုံးမှပါဝင်သည်။ AI စနစ်ဆိုသည်မှာ ခေတ်မီဒစ်ဂျစ်တယ် လူမဲ့ဉာဏ်ရည်တုနည်းပညာတစ်မျိုးဖြစ်ပြီး ထိုနည်းပညာဖြင့်ဖန်တီးထားသော AI စက်ယန္တရားများဖြင့် ထွန်ယက်စိုက်ပျိုးကာ မျိုးများကြဲပက်ရာတွင်လည်းကောင်း၊ ပိုးသတ်ဆေးဖျန်းပက်ရာတွင်လည်းကောင်း တွင်ကျယ်အောင်မြင်စွာ အသုံးပြုနိုင်ပြီး အောင်မြင်မှုရရှိလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် AI နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအဆင့် ပညာရှင်များဆွေးနွေးပွဲကျင်းပခဲ့သည်။ သမားရိုးကျ စိုက်ပျိုးမွေးမြူရေးနည်းစနစ်မှသည် နည်းပညာအသုံးပြု Agricultural Transformation သို့ ကူးပြောင်းမည့်အစီအစဉ်များသည် မြန်မာ့စိုက်ပျိုးမွေးမြူရေး AI ခေတ်ကို ရောက်ရှိစေမည့် ဦးတည်ဆောင်ရွက်မှုဖြစ်၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံများအနက် ပထမဆုံးစပါးကိုလည်းကောင်း၊ ထို့နောက် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံကိုလည်းကောင်း၊ မွေးမြူရေးကဏ္ဍတွင် ကူးစက်တတ်သည့်ရောဂါပိုးမွှားများနှင့် ကုသရေးအပိုင်းကိုလည်းကောင်း AI နှင့် စတင်မိတ်ဆက်ဆောင်ရွက်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုရှိသော်လည်း ပြည်တွင်းစားသုံးဆီလိုအပ်ချက်ရှိသဖြင့် ပြည်ပက မှာယူတင်သွင်းနေရသည်။ ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေးအတွက် နှမ်း၊ မြေပဲနှင့် နေကြာဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်သည်။ စက်မှုသီးနှံများဖြစ်သော ကော်ဖီ၊ ရော်ဘာကဲ့သို့သော နှစ်ရှည်သီးနှံများ၊ ဝါကဲ့သို့သော ရာသီသီးနှံများ၊ ကြံကဲ့သို့သော နှစ်တိုသီးနှံများကို တိုးချဲ့စိုက်ပျိုးရမည်ဖြစ်သည်။ လက်ရှိစိုက်ပျိုးထားသော စိုက်ဧကများကို တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းရရှိမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် မြေကို စနစ်တကျအသုံးချရန်လိုသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် လယ်စိုက်ပျိုးမြေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် ရေနက်ကွင်းများဖြစ်သည်။ ထိုရေနက်ကွင်းများကို မြေပြုပြင်၍ စပါးစိုက်ပျိုးခြင်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများပြုလုပ်ခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုရရှိမည်ဖြစ်သည်။ စပါးကို ပြည်တွင်းစားသုံးရန်သာမက တင်ပို့မှုတွင် ဝယ်လိုအားတိုးတက်ကောင်းမွန်သည့် စပါးမျိုးများကို အရည်အသွေးပိုမိုကောင်းမွန်ရန်နှင့် ပိုမိုထုတ်လုပ်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးမှ စိုက်ပျိုးထွက်ရှိသော ပေါ်ဆန်းမွှေးဆန်သည် အမှန်တကယ်ကောင်းမွန်ပြီး နာမည်ရသဖြင့် တိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ် ကြိုးစားစိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။ မွေးမြူရေးတွင် ဒေသတွင်းစားသုံးမှုဖူလုံစေရန် စဉ်ဆက်မပြတ်မွေးမြူထုတ်လုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တိရစ္ဆာန်အစားအစာများ လွယ်ကူပေါများစွာရရှိနိုင်သည့် ဒေသများပေါများသဖြင့် ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို ပိုမိုတိုးချဲ့မွေးမြူဆောင်ရွက်သွားလျှင် များစွာအကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စက်မှုလုပ်ငန်းများ တိုးတက်ထွန်းကားလာစေရန် ရေရှည်မျှော်မှန်းလျက် နိုင်ငံတော်က မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများကို အခြေခံပညာအလယ်တန်းဆင့် Grade 9 အောင်မြင်သည်နှင့် ဆက်လက်ပညာဆည်းပူးနိုင်မည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမြေပေါများသော နိုင်ငံဖြစ်ခြင်း၊ တိရစ္ဆာန်များအတွက် စားကျက်နှင့် အစာပေါများသောနိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတွင်းရှိ ဒေသအလျောက်ကုန်ထုတ်စွမ်းအားများ ပိုမိုတိုးတက်လာပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ အားပေးကူညီဆောင်ရွက်မှုများကို အလေးထား၍ မိမိတို့၏ ဝင်ငွေတိုးပွားရေး၊ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်သည်။ ထိုသို့ နိုင်ငံအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များကို အဆင့်မီအရည်အသွေးပြည့်ဝသော စက်မှုထုတ်ကုန်များအဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်လျှင် ပြည်တွင်းသာမက ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားကို အထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ချမှတ်ထားသော "နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"ဟူသော ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခ အပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Pass-port for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# မြို့ပြထဲကလမ်းမ STREET GANG ရုပ်ရှင်ဇာတ်ကားကို နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများ၌ ရုံတင်ပြသမည်




**ရန်ကုန် နိုဝင်ဘာ ၁၅**

HUNK Film Production က ရိုက်ကူးထုတ်လုပ်သည့် မြို့ပြထဲကလမ်းမ STREET GANG ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၂၀ ရက်ခန့်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် တိုင်ရွှန်ထံမှ သိရသည်။

အဆိုပါ မြို့ပြထဲကလမ်းမ STREET GANG ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ယုန်လေးက ရေးသားထားပြီး ယုန်လေးကပင် HUNK Film Production အတွက် ဒါရိုက်တာအဖြစ် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ ၂၀ ရက်လောက်မှာ ရုံတင်ဖို့ရှိပါတယ်။ ဒီဇာတ်ကားမှာတော့ Street Gang အဖွဲ့ဝင် တစ်ယောက်အဖြစ် သရုပ်ဆောင်ထားပါတယ်။ တအားချစ်ရတဲ့ ချစ်သူကောင်မလေး Julia အတွက် ထိုင်းက Mafia Gang တစ်ခုနဲ့ ဘယ်လိုငြိသွားသလဲ။ ဘယ်လိုကယ်ထုတ်မှာလဲ။ ဘာတွေဆက်ဖြစ်ကြမှာလဲဆိုတာ မကြာမီ ပိတ်ကားထက်မှာ အားလုံးအတူတူ ခံစားကြည့်ကြပါစို့"ဟု သရုပ်ဆောင် တိုင်ရွှန်က ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ယုန်လေး၊ တိုင်ရွှန်၊ JJ၊ အောင်လေး၊ ရာဝန၊ စစ်နိုင်၊ ဘိုချမ်း၊ BENJAMIN၊ ခန့်ကျော်၊ BWAR BWAR၊ ကောင်းမင်းသန့်၊ BLACK-Z STUNTS၊ ထက်ထက်ထွန်း၊ ရွှန်း၊ အထူးဧည့်သည်သရုပ်ဆောင် ထူးအယ်လင်း၊ မိုးသဒ္ဒါနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Reenactment ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး အန်နာဒီအားမက် ပါဝင်ဖွယ်ရှိ

**နယူးယောက် နိုဝင်ဘာ ၁၅**

Reenactment အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး အန်နာဒီအားမက် ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်းနိုဝင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် မင်းသမီး အန်နာဒီအားမက်သည် Reenactment ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ထုတ်လုပ်သူများနှင့် အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက်ရရှိခဲ့ပါက အန်နာဒီအားမက်သည် Reenactment ဇာတ်ကား၌ မင်းသား ဘက်နီစီယိုဒယ်တိုရို၊ မင်းသမီး ကင်မရွန်းဒီအက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Reenactment ဇာတ်ကား၏ ဇာတ်လမ်း၊ဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်သည်။

Reenactment ဇာတ်ကားကို ဒါရိုက်တာ ဂရန့်ဆင်းဂါးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားကြောင်း သိရသည်။

Reenactment ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို မကြာမီကာလအတွင်း လော့စ်အိန်ဂျလိစ်မြို့တော်၌ စတင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Prosperity & Beyond Group Art Exhibition ပန်းချီပြပွဲကို ဗိုလ်တထောင်မြို့နယ် Artistic Space Art Gallery တွင် ပြသလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် Artistic Space Art Gallery တွင် Prosperity & Beyond အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို ယနေ့မှ စတင်ပြသလျက်ရှိကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသနေသည့် ပန်းချီကြည်ဦးထံမှ သိရသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီမြင့်ဝင်းမောင်၊ ဇော်ညွန့်ဖေ၊ မိုးလွင်၊ အမ်အန်ကေ၊ ကောင်းကင်၊ ကြည်ဦး၊ ထိုက်ဦး၊ ဘိုစော၊ ခင်ယွန်းစံ၊ ရင်မောင်ညိမ်း၊ ကျော်သက်မော်၊ ဦးဟန်စိန်၊ ကြည်စိုး၊ ဝင်းမောင်ရွှေ၊ မိုးသူရ၊ ထရိုင်ကယ်ထွန်းနိုင်၊ ရင်ချစ်အေး၊ ကံကောင်း၊ စိုးနိုင်စိုး၊ မိုးမြင့်၊ ကျော်ငြိမ်း၊ တင်ဝင်းနီ၊ အောင်ခင်(ဘဏ်)၊ လှိုင်ဝမ်းတို့က ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့်အရွယ်အစားမျိုးစုံဖြင့် ရေးဆွဲထားသော အကြောင်းအရာစုံပန်းချီကားများကို ယနေ့မှ နိုဝင်ဘာ ၁၉ ရက်ထိ ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"Artistic Space Art Gallery မှာ Prosperity & Beyond လို့ အမည်ပေးထားတဲ့ Group Art Exhibition ပန်းချီပြပွဲကို ပြသမှာဖြစ်ပါတယ်။ အဲဒီပန်းချီပြပွဲမှာ ကျွန်တော်တို့ပန်းချီဆရာ ၂၄ ယောက်ရဲ့ မတူညီတဲ့ရေးဟန်တွေကို ဒီနေ့ကနေ နိုဝင်ဘာ ၁၉ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသပေးမှာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြပါအုံး" ဟု ပန်းချီကြည်ဦးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆x၂၄)လက်မ၊ (၂၄x ၂၄)လက်မ၊ (၁၈x၂၄)လက်မ၊ (၁၈x၁၈)လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ်ခုနစ်သိန်းမှ အများဆုံး ငွေကျပ်သိန်း ၂၀ ထိရှိကြောင်း သိရသည်။ ASH

# Hell Jumper ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဖီးလစ်ဘာရန်တီနီ ရိုက်ကူးမည်

**နယူးယောက် နိုဝင်ဘာ ၁၅**

Hell Jumper အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဖီးလစ်ဘာရန်တီနီက Netflix ရုပ်ရှင်ကုမ္ပဏီအတွက် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၄ ရက်သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသည် Hell Jumper (2024) မှတ်တမ်းရုပ်ရှင်ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Hell Jumper ရုပ်ရှင်ဇာတ်ကားအတွက်ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မက်သရူအော်တန်က ရေးသားပေးထားသည်။

Hell Jumper မှတ်တမ်းရုပ်ရှင်သည် ယူကရိန်းပဋိပက္ခအတွင်း ပိတ်မိနေသူများကို ကယ်တင်ရန်ကြိုးစားခဲ့ကြသော အရပ်သားစေတနာ့ဝန်ထမ်းများအကြောင်းကို ရိုက်ကူးထားသော မှတ်တမ်းရုပ်ရှင်ဖြစ်သည်။

Hell Jumper ရုပ်ရှင်ဇာတ်ကားရိုက်ကူးပေးမည့် ဒါရိုက်တာ ဖီးလစ်ဘာရန်တီနီသည် ရှေးယခင်က Netflix ကုမ္ပဏီအတွက် Accused အက်ရှင်ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးပေးခဲ့ဖူးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# မန္တလေး မြို့မအပျော်တမ်းတူရိယာအသင်းကြီး ရာပြည့်အထိမ်းအမှတ်အဖြစ် မြို့မသီချင်းများဖြင့် သီချင်းဆိုပြိုင်ပွဲကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၁၅**

မန္တလေး မြို့မအပျော်တမ်းတူရိယာအသင်းကြီးရာပြည့်အထိမ်းအမှတ်အဖြစ် မြို့မသီချင်းများဖြင့် သီချင်းဆိုပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့မအပျော်တမ်းတူရိယာအသင်းကြီး ဥက္ကဋ္ဌဒေါက်တာလှခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ မြို့မတူရိယာအသင်းကြီး၏ ရာပြည့်အထိမ်းအမှတ်အဖြစ်ကျင်းပမည့် နှစ် ၁၀၀ ပြည့်ပွဲတော်ကို နိုဝင်ဘာ ၂၇ ရက်တွင် မန္တလေးမြို့ရှိ ရတနာပုံခန်းမ၌ ကျင်းပမည်ဖြစ်ပြီး နှစ် ၁၀၀ ပြည့် အကြိုအထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေခြင်း၊ နိုင်ငံကျော် အနုပညာရှင်များနှင့် မြို့မတူရိယာပင်တိုင်အဆိုရှင်များ ပူးပေါင်း၍ အမှတ်တရ တေးသီချင်းများအခွေထုတ်ဝေခြင်း၊ မြို့မတေးသီချင်း အဆိုပြိုင်ပွဲများနှင့် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းထုတ်ဝေခြင်းများကို နိုဝင်ဘာလလယ်တွင် ပြုလုပ်နိုင်ရန် စီစဉ်နေကြောင်း သိရသည်။

"ကျွန်တော်တို့အသင်းရဲ့ ဗဟုသုတပြည့်ကြတဲ့ ဂီတဆရာကြီးတွေပြုစုထားတဲ့ သီချင်းတွေနဲ့ သီချင်းဆိုပြိုင်ပွဲကို ကျင်းပပါမယ်။ ပထမဆုကို ငွေကျပ် ၁၀ သန်း၊ ဒုတိယဆုကို ငွေကျပ် ငါးသန်း၊ တတိယဆုကို ငွေကျပ် ၂ ဒသမ ၅ သန်းချီးမြှင့်မှာဖြစ်ပြီး နှစ်သိမ့်ဆုခုနစ်ဆုလဲ ထပ်မံချီးမြှင့်သွားမှာဖြစ်ပါတယ်။ ဒီအဆိုပြိုင်ပွဲမှာ ရန်ကုန်က ဂီတသမားတွေလဲ မြို့မအပျော်တမ်းတူရိယာအသင်းအဖွဲ့ဝင်တွေနဲ့အတူ ပါဝင်ဖျော်ဖြေကြမှာဖြစ်ပါတယ်"ဟု ဒေါက်တာလှခိုင်က ပြောပြသည်။

မန္တလေး မြို့မအပျော်တမ်းတူရိယာအသင်းကြီးကို ၁၉၂၅ ခုနှစ်တွင် အလင်္ကာကျော်စွာဆရာမြို့မငြိမ်း၏ ဦးဆောင်မှုဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၁၉၂၈ ခုနှစ်တွင်ဦးတော်လုံ၊ ဦးကျော်ညွန့်(မြို့မညွန့်)၊ ဦးကြီးငွေ၊ ဦးသန့်စင်၊ ဦးယဉ်ကလေးတို့ အပါအဝင် ဓားတန်းဦးသန့်၏ အိမ်ဝင်းအတွင်း မြို့မအပျော်တမ်းတူရိယာအသင်းကြီးကို ဖွဲ့စည်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ASH

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing meets Kayin State level departmental officials and local elders in Hpa-an, discusses regional development


Senior General Min Aung Hlaing meets Kayin State level departmental officials and local elders in Hpa-an.

**Nay Pyi Taw November 15**

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing met Kayin State level departmental officials and local elders in Hpa-an, Kayin State this morning and discussed regional development.

Also present were SSPC Secretary Joint Executive Chief General Ye Win Oo, union ministers, senior military officers from Office of Commander-in-Chief, Kayin State Chief Minister U Saw Myint Oo, the South-East Command commander, deputy ministers, MSME entrepreneurs and local national races.

The chief minister reported on ongoing preparations for the coming election, points of the state, seizure of illicit goods and ongoing anti-illicit trade operations, agricultural activities and efforts to increase per acre yield, livestock breeding, fish/prawn farming, courses and knowledge sharing programs to boost production, local food sufficiency, MSME development undertakings, tourism in the area, local and foreign tourist arrivals, development undertakings for education, health and sports in the state, deportation and transfer of illegal foreigners in Kayin State, aid for temporarily displaced persons, and planned solar-power projects.

Local elders and entrepreneurs presented a report on food and other necessary aid provided by the Union government and Kayin State government for victims of floods triggered by Thanlwin River in Hpa-an, the need to carry out drainage activities to prevent further river floods in Hap-an, extra loans for livestock breeding, provision of inputs for paddy cultivation, efforts for further development of hotels and tourism business, more financial support needed for ethnic language teachers.


Senior General Min Aung Hlaing observes MSME products.

Kayin State level officials presented a supplementary report on dredging operations at necessary places to alleviate Thanlwin River floods and planned regulating dams for flood control in Hpa-an.

Concerning the reports, the Senior General said as regards the solar-power generation, the electricity demand of Hpa-an and other towns must be calculated. Floods will occur more at the time when upper areas are receiving a lot of rain and when there are high tides. Reactivation of the Hatkyee hydropower project in Hpa-an area will help control floods. The project will generate electricity for the area and reduce natural floods to a certain degree. Hence, local people should collectively render a helping hand towards the success of the project. As Kayin State is a pleasant place, local and foreign tourists are showing interest in visiting it. The place needs extra progress, and the visitors should be attracted with activities to beautify the areas in and around Hpa-an and fresh and clean local cuisines. Tourism is a beneficial business for a region as its income is high. The collective involvement of the people is required as its extra development calls for area peace and stability.

Union ministers explained legal plans to permit land for solar-power generation businesses, field studies to prevent flood in Hpa-an, provision of extra financial assistance from regional development funds required for agricultural activities in accord with the procedures, provision of inputs for paddy cultivation, success in growing robusta coffee or lowland coffee in Kayin State, need to develop pepper cultivation, ongoing assistance for success of farming business, utilization of farmland in accord with the law, input supply for cultivation activities, upgrading of roads and other necessary supports for rural development, Myaseinyaung project for rural economic development, opening of mechanical and agricultural schools, activities to increase forest areas in Kayin State and other sectors.

In his speech, the Senior General expressed his wishes for Kayin State to remain peaceful, pleasant, and stable. The Government continues to undertake efforts for the development of Kayin State and that elections will be held in the near future. After the election, the country will be administered by the elected representatives together with the new government. The nation will continue moving forward under the multiparty democratic system desired by the people, and that a sound political path must be implemented through capable elected representatives. Just as development can be achieved in regions that enjoy stability and peace, it was emphasized that no political system can bring progress to areas where stability and peace are absent.

National development requires stability and peace, and that residents of each region must also make genuine efforts in their work. Likewise, improved education is essential. When the National Peace and Security Commission was formed,


Senior General Min Aung Hlaing observes MSME products.

See Page 13



Senior General Min Aung Hlaing hears report on construction of Zwekabin Indoor Stadium.

*From Page 12*

the mottos "Let us encourage production for prosperity of the Nation, Let us ensure education sector for the development of the Nation, Let us protect our environment for the prosperity of the Nation" were adopted. A region or a country can develop only when people actively engage in productive work. Carrying out manufacturing and production activities benefits both the public and the State. To conduct such activities, technical skills are necessary, and to acquire technical skills, a strong foundation of classroom education is required. Therefore, the Government is working to improve educational standards. Training courses are also being conducted to help those with lower educational levels gain skills that can be applied in production-related work.

Many students in the country sit for the university entrance examination but do not pass. Consideration is needed on how these students can be effectively utilized for the benefit of the nation. Therefore, in consultation with relevant officials and experts, plans are being made to open polytechnic schools where students can receive training in their respective fields and enter the workforce accordingly.

Every developed country is rich in educated people and has a population with nearly full completion of higher education. In Myanmar, however, completion rates at the primary, middle school, high school, and higher education levels remain comparatively low. Kayin State has many job opportunities, and that residents need to engage in these opportunities genuinely and in a systematic manner.

In Kayin State, agricultural output per acre still needs to be increased to meet target goals. Achieving these targets would significantly contribute to regional food security and local income growth. For the country's currency value to rise, economic development is necessary, which requires increasing production of goods and exporting them abroad. Only then will domestic financial circulation improve and the economy develop. Therefore, efforts must be made to promote and expand production within the State.

For a country to achieve development, it requires strength in political leadership, economic capacity, and defence capability. Strong political leadership ensures strong economic performance, and strong economic performance, in turn, enhances defense capability. Since a robust economy is an essential sector for any country, collective efforts should be made to strengthen the nation's economic capacity.

Much of the farmland in Kayin State is still covered with water, which creates difficulties for timely planting of winter crops. Therefore, measures will be explored and implemented to reduce water coverage. Successful shrimp farming in Kayin State can be further expanded, bringing significant benefits to the region. Similarly, developing livestock, fish, and egg production to meet regional needs will help ensure fair market prices for meat, fish, and eggs.

In Kayin State, efforts are needed to increase learning of student in grades. In Myanmar, student progression is still relatively low. Supporting education is essential for both regional and national development. Those who are unable to complete higher education should also be provided with opportunities to gain employment. Training programs should be established to enable existing human resources to work effectively in the workforce. Vocational, livestock, and industrial high schools are being opened in various districts to provide such education. These measures will greatly support the country's agricultural and livestock production. By improving production, output levels will increase, raising the income of individual farmers. Therefore, all efforts should be made collectively in Kayin State to enhance educational development.

Since Myanmar gained independence, Kayin State has experienced disruptions to peace and stability due to armed conflicts, affecting both residents and the State itself. Those responsible for undermining stability within the State are identified as armed groups operating in the region. Only with peace and stability can education be effectively provided, public health services be delivered, and regional development projects be implemented. Therefore, residents of Kayin State are urged to use various means to protect and maintain peace and stability. The Government is actively addressing actions that disrupt stability in Kayin State. Near the Myanmar–Thailand border at the KK Park area, Tatmadaw is taking measures to eliminate online financial fraud and online gambling operations, carrying out these actions as a national duty to ensure they are fully resolved.

It has been announced that a free and fair multi-party democracy general election will be held in the near future. For security reasons, the election will be conducted in three phases. Preparations are underway to enable voting using Myanmar Electronic Voting Machines (MEVM), which prevent electoral fraud. Preparations have been made to prevent fraud and to allow votes to be cast. When practicing a political system based on democracy and federalism, a federal system suitable for our country must be implemented; it is necessary to practice a region-based federal system, not a people-based one. We are working to ensure that the election we hold is a dignified one. Therefore, all those eligible to vote need to cast their votes. Consequently, since the election is the foundation for establishing our country's proper political system, Kayin State needs to work for the success of the election.

When voting, it is necessary to be able to choose those who can genuinely represent the interests of the region, work for regional development, work for the benefit of the nation, are willing to work for the state's interests in collaboration with officially formed state organizations, have the desire to protect our race, religion, indigenous culture, and traditions, and can uphold and protect our Three Main National Causes.

Regarding agriculture, it was noted that in our country, both highland coffee and lowland coffee (such as Robusta) are cultivated and thriving. The coffee produced in our country is an export commodity for international markets. Therefore, by promoting the cultivation of viable lowland coffee within Kayin State, regional income can be increased. If lowland coffee is cultivated as an intercrop in existing agricultural plantations in the state, such as those for mango, rubber, durian and betel leaf, it will be beneficial for the region.



Senior General Min Aung Hlaing inspects activities at the Youth Center.

Since bamboo is abundant in Kayin State, bamboo-based handicrafts and pulp can be produced. The ability to produce bamboo pulp can reduce the need to import paper from abroad. Regarding rubber cultivation, because rubber produced in our country is being illegally exported abroad, the state is suffering losses. In rubber production, it is necessary to produce with quality standards, and efforts must be made to strive for the production of bicycle and motorcycle tires based on rubber within the state.

Regarding pepper cultivation, if it is grown as an intercrop in garden lands, it will increase regional income. Increased income from manufacturing industries will improve cash flow and lead to better regional economies. Therefore, it is necessary to work diligently. For such work to be possible, stability and peace are essential, and promoting education is indispensable, it was stated.

Subsequently, the Senior General attentively toured and inspected the products from Micro, Small, and Medium Enterprise (MSME) businesses displayed within Kayin State and gave necessary instructions regarding the presentations made by responsible personnel.

Later, the Senior General and party arrived at the Kayin State Youth Center. In the meeting hall, the State Minister for Social Affairs explained matters related to the center's construction, the opening of training courses, the status of delivered technical lectures, and future plans to be implemented.

In response to the presentation, the Senior General stated that the center needs to be utilized effectively. Training that directly benefits Kayin State and teaches skills directly applicable in the workplace is necessary. As youth are the ones who will inherit and carry the responsibilities of adults in the future, it is necessary to provide them with foundational knowledge and skills they should know and acquire, matters of national interest, and leadership skills. He instructed that efforts should be made to help them develop good habits of living in a disciplined manner and working with good understanding.

Afterwards, the Senior General and the entourage inspected activities within the Youth Center, including youth practicing indoor games, conducting youth discussions, learning homemaking skills, receiving music lessons in the music room, attending painting classes, receiving computer technology instruction, and youth reading and studying in the library. They also toured the bedrooms and dining hall. After inspection, they gave necessary instructions based on the reports from responsible personnel.

Following that, the Senior General and the entourage toured and inspected the compound of Hpa-an University and within Hpa-an town by motor vehicle.

Later, the Senior General visited the construction site of the Zwekabin Indoor Stadium in Hlakamyin Kawt Thit. In a briefing room, a responsible person explained the status of the stadium's construction progress by fiscal year, the status of the layout and construction incorporating various rooms, the types of sports that can be played, and the status of ongoing work.

In response to the presentation, the Senior General instructed that the construction of the stadium must be carried out systematically, ensuring compliance with set standards and specifications, and gave guidance on other requirements.

Aafterwards, the Senior General toured the construction site of the Zwekabin Indoor Stadium and gave necessary instructions regarding the reports from responsible personnel. 100

# Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing pays obeisance to Kyaik Than Lan Pagoda in Mawlamyine





Senior General Min Aung Hlaing pays homage to a Buddha image at the Kyaik Than Lan Pagoda in Mawlamyine.

**Nay Pyi Taw November 15**

Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission Senior General Min Aung Hlaing, accompanied by members of his entourage, paid obeisance to the Kyaik Than Lan Pagoda in Mawlamyine, Mon State this evening.

First, the Senior General and party were welcomed by members of the pagoda board of trustees. Then, the Senior General walked round the pagoda clockwise and viewed sunset scenes.

Afterward, the Senior General paid obeisance to a Buddha image at the pagoda and offered flowers, water and lights before presenting cash donations to members of the pagoda board of trustees, who gave a certificate of honour to the Senior General.

Then, the Senior General and party proceeded to Strand Road in Mawlamyine and inspected stalls selling regional traditional food and other shops before cordially greeting shopkeepers and customers. Then, the Senior General gave instructions on construction of sites for sports and recreation on the riverside of the road, upgrading tasks of the road and the needs to take measures for cleanliness and pleasantness along the road to responsible officials. 100



Senior General Min Aung Hlaing makes cash donation for the Kyaik Than Lan Pagoda.



Senior General Min Aung Hlaing inspects food stalls on Strand Road in Mawlamyine.



Senior General Min Aung Hlaing greets a shopkeeper.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကောက်ညှင်းစပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဓနုဖြူ နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ကောက်ညှင်းစပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်မာလွင်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ကောက်ညှင်းစပါး တင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ကောက်ညှင်းစပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ကောက်ညှင်းစပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အား တက်လာတာဖြစ်ပါတယ်။ ဒေသတွင်း ဆန်၊ စပါးဈေးကွက်မှာလဲ ကောက်ညှင်းစပါးက အဝယ်လိုက်နေပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်မာလွင်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက တင်ပို့ရောင်းချခဲ့သည့် ကောက်ညှင်းစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**




# တပ်ကုန်းမြို့နယ် ရွေးစုကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၁၅**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွေးစုကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွေးစုကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက RBF စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ရွေးစုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း အစုအဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ၂၈ ဦးကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေများကို ကျေးရွာရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းလုပ်သူများနှင့် အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။

**သူသူ**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၁၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကျောက်မြောင်း နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၁၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် ဟင်းသီးဟင်းရွက် ၄၄၁၈ ဧကစိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၁၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျောက်မြောင်းမြို့နယ်ခွဲအတွင်း ဟင်းသီးဟင်းရွက် ၄၄၁၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၁၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်စတဲ့သီးနှံတွေစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။



ကျောက်မြောင်းမြို့နယ်ခွဲတွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# အောင်လံမြို့နယ် ရွှေသူဌေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စံမြကျေးရွာအုပ်စု ရွှေသူဌေးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၃၂သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွှေသူဌေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၆၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၃၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုလှိုင်**








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကရင်ပြည်နယ်အတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ပြည်နယ်ဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ရှေ့ဖုံးမှအဆက်

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်လုပ်မှုများတိုးတက်စေရေး သင်တန်းများပို့ချပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ဒေသအတွင်းခရီးသွား လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်မှု၊ ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေး နှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကရင်ပြည်နယ် အတွင်း တရားမဝင်ရောက်ရှိနေသည့် ပြည်ပ နိုင်ငံသားများကို ပြည်နှင်လွှဲပြောင်းပေးလျက်ရှိမှု၊ ယာယီနေရပ်စွန့်ခွာပြည်သူများကို ထောက်ပံ့မှုများဆောင်ရွက်ပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ဘားအံမြို့တွင် သံလွင်မြစ်၏ မြစ်ရေများ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသခံပြည်သူများ ရေဘေးသင့်ခဲ့မှုကြောင့် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရက အစားအသောက်များနှင့် လိုအပ်သည်များကို ထောက်ပံ့ပေးခဲ့မှုနှင့် ဘားအံမြို့တွင် သံလွင်မြစ်ရေကြီးရေလျှံမှု မရှိစေရေးအတွက် လိုအပ်သည့် မြစ်ကြောင်း ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးစေလိုမှု၊ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်ရင်းနှီးမြှုပ်နှံငွေများ ထပ်မံထုတ်ချေးပေးစေလိုမှု၊ စပါးစိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုများ ပံ့ပိုးကူညီပေးစေလိုမှု၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ တိုင်းရင်းသားဘာသာစကားသင်ကြားလျက်ရှိသည့် တိုင်းရင်းသား ဆရာ၊ ဆရာမများကို ထောက်ပံ့ကြေးတိုးမြှင့်ပေးစေလိုမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်ပတ်သက်၍ ပြည်နယ်အဆင့် တာဝန်ရှိသူများက သံလွင်မြစ်ရေကြီးရေလျှံမှုလျော့နည်းစေရေး လိုအပ်သည့် မြစ်ကြောင်းနေရာများကို သောင်တူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ဘားအံမြို့အား ရေကြီးရေလျှံမှုလျော့ပါးစေရေး ရေထိန်းတမံများတည်ဆောက်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့်ပတ်သက်၍ ဘားအံမြို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် အခြားမြို့များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကိုတွက်ချက်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘားအံမြို့ရေကြီးရေလျှံမှုနှင့် ပတ်သက်၍ အထက်ပိုင်းဒေသတွင် မိုးများစွာရွာသွန်းသည့်အချိန်နှင့် ဒီရေတက်သည့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

**ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင် လုပ်ဆောင်နေသူများသည် ကရင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများပင်ဖြစ် . . .**

**ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကိုဖျက်ဆီးနေသည့် တည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင် ဆောင်ရွက်နေမှုများကို ပြည်နယ်အတွင်း နေထိုင်ကြသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ဆောင်ရွက်သွားကြရန်လို . . .**

အချိန်များတွင် ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း၊ ဘားအံဒေသအတွင်း ယခင်ကစီမံဆောင်ရွက်ခဲ့သည့် ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်မည်ဆိုပါက ရေကြီးရေလျှံမှုများကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက်လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သကဲ့သို့ သဘာဝအရဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှုများကိုလည်း အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် အဆိုပါရေအားလျှပ်စစ်စီမံကိန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ကရင်ပြည်နယ်သည် သာယာလှပသည့်ဒေသတစ်ခုဖြစ်ပြီး ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသည့်နေရာတစ်ခုဖြစ်ကြောင်း၊ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့သာယာလှပရေးနှင့် ဒေသသာယာလှပရေးအတွက် ဆောင်ရွက်ကြရန်လိုသကဲ့သို့ ဒေသရိုးရာအစားအသောက်များကိုလည်း ပိုမိုသန့်ရှင်းပြီး ခရီးသွားများကို ဆွဲဆောင်မှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဒေသအတွက် ဝင်ငွေများစွာရရှိစေသဖြင့် ဒေသအတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမည်ဆိုပါက ခရီးသွားလုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်မြေနေရာများကို ဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ဘားအံမြို့အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်မှုကို တားဆီးကာကွယ်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းလေ့လာဆန်းစစ်မှုများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံထုတ်ပေးသွားမည့် အခြေအနေများ၊ စပါးစိုက်ပျိုးရေးအတွက်သွင်းအားစုများပံ့ပိုးပေးလျက်ရှိမှု၊ ကရင်ပြည်နယ်အတွင်း မြေနိမ့်ကော်ဖီ(ရိုဘတ်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်မှု၊ရေတတ်ကောင်းစိုက်ပျိုးမှုတိုးတက်စေရေးအတွက်လည်း ဆောင်ရွက်စေလိုမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊လယ်ယာမြေများကို ဥပဒေနှင့်အညီ အသုံးပြုဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများရရှိစေရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်စေရေးလိုအပ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးနှင့် အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ကျေးလက်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ကရင်ပြည်နယ်အတွင်းသစ်ပင်သစ်တောများ တိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ်အေးချမ်းသာယာပြီး ငြိမ်းချမ်းပါစေကြောင်း၊ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီကာလ






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်နယ်လူမှုရေးရာဝန်ကြီးက လူငယ်စင်တာတည်ဆောက်မှုဆိုင်ရာများ၊ သင်တန်းများဖွင့်လှစ်ခဲ့မှုနှင့် နည်းပညာရပ်ဆိုင်ရာဟောပြောပွဲများ ပို့ချပေးခဲ့မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

အတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးဆုံးပြီးချိန်တွင် ရွေးကောက်ခံကိုယ်စားလှယ်များနှင့် အစိုးရအသစ်ဖြင့် နိုင်ငံတော်တာဝန်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများလိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် ကောင်းမွန်သည့်နိုင်ငံရေးလမ်းကြောင်းကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **နယ်မြေတည်ငြိမ်အေးချမ်းမှုရှိသည့် ဒေသများတွင် တိုးတက်မှုများရရှိနိုင်မည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသည့် ဒေသများတွင် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်မည်မဟုတ်ကြောင်း။**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်သကဲ့သို့ ဒေသတွင်နေထိုင်သည့်သူများကလည်း အမှန်တကယ်အလုပ်လုပ်ရန်လိုအပ်ကြောင်း၊ အလားတူပညာရည်မြင့်မားရေးသည်လည်း မဖြစ်မနေလိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဖွဲ့စည်းပြီးချိန်တွင် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့"** ဆိုသည့်ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုအနေဖြင့် အလုပ်လုပ်ကိုင်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကိုဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာများလိုအပ်ကြောင်း၊ အတတ်ပညာရှိရန်အတွက် အတန်းပညာများမြင့်မားရန်လိုအပ်သဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည်အားနည်းသူများကို ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးလုပ်ငန်းများတွင် အသုံးချနိုင်ရန်အတွက် သင်တန်းများဖွင့်လှစ်သင်ကြားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံတွင် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများများစွာရှိကြောင်း၊ ၎င်းတို့ကို နိုင်ငံတော်အတွက် မည်ကဲ့သို့အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးစီစဉ်ဆောင်ရွက်နေကြောင်း။

တိုးတက်သည့်နိုင်ငံတိုင်းသည် ပညာတတ်များပေါကြွယ်ဝပြီး ရာနှုန်းပြည့်နီးပါးခန့်အဆင့်မြင့်ပညာများတတ်မြောက်သည့် နိုင်ငံများဖြစ်သည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အခြေခံပညာအဆင့်၊ အလယ်တန်းပညာအဆင့်၊ အထက်တန်းပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့်များအလိုက် ပြီးဆုံးမှုများမှာ ရာခိုင်နှုန်းအလိုက် နည်းပါးမှုရှိသည်ကိုတွေ့ရကြောင်း၊ ကရင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများစွာရှိပြီး အမှန်တကယ်လုပ်ကိုင်နိုင်ကြရန်နှင့် နည်းစနစ်တကျဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

ကရင်ပြည်နယ်အတွင်း တစ်ဧကအထွက်နှုန်းပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် လိုအပ်လျက်ရှိနေသေးကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဝမ်းစာဖူလုံမှုနှင့် ဒေသဝင်ငွေတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုးတိုးတက်စေရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်အတွင်း ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားများ လိုအပ်ကြောင်း၊ **နိုင်ငံရေးမောင်းနှင်အားကောင်းမွန်မှသာ စီးပွားရေးမောင်းနှင်အားကောင်းမွန်မည်ဖြစ်ပြီး စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ ကာကွယ်ရေးစွမ်းပကားကိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမွန်မှုသည် နိုင်ငံတစ်ခုအတွက် မဖြစ်မနေအရေးကြီးသည့်** ကဏ္ဍမှ ပါဝင်သဖြင့် စီးပွားရေးအားကောင်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

ကရင်ပြည်နယ်အတွင်း လယ်ယာမြေအများစု၌ ရေများဖုံးလွှမ်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ ထိုသို့ရေများဖုံးလွှမ်းလျက်ရှိခြင်းကြောင့် ဆောင်းသီးနှံများအချိန်မီ စိုက်ပျိုးရန်အတွက် အခက်အခဲရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ရေဖုံးလွှမ်းမှုများ လျော့နည်းစေရေးအတွက် နည်းလမ်းများရှာဖွေ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ပုစွန်မွေးမြူရေးလုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်သဖြင့် ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်ဆိုပါက ဒေသအကျိုးအတွက် များစွာအထောက်အကူ ပြုစေမည်ဖြစ်ကြောင်း၊ အလားတူဒေသအတွက်လိုအပ်သည့်အသား၊ ငါးနှင့် ဥများ ထုတ်လုပ်မှုတိုးတက်စေရေး မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ထိုက်သင့်သည့် အသား၊ ငါး ဈေးနှုန်းများဖြစ်လာမည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်အတွင်း ပညာရည်မြင့်မားစေရေးအတွက် တန်းစဉ်ကူးပြောင်းမှုများမြင့်မားနေရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အကြောင်းအမျိုးမျိုးအရ တန်းစဉ်ကူးပြောင်းမှုများ နည်းပါးနေသေးကြောင်း၊ ပညာရေးကို အားပေးမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အထက်တန်းပညာအဆင့် ပြီးဆုံးအောင်သင်ကြားနိုင်မှုမရှိသူများအတွက်လည်း အလုပ်အကိုင်များရရှိရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရှိပြီးသားလူသားအရင်းအမြစ်များ လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်နိုင်စေရေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ခရိုင်များအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် အထွက်နှုန်းများတိုးတက်လာပြီး တောင်သူတစ်ဦးချင်း၏ ဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အတွင်း ပညာရည်ဖွံ့ဖြိုးတိုးတက်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။


စာမျက်နှာ ၁၈ သို့

**အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် မြန်မာ-ထိုင်းနယ်စပ်အနီးရှိ KK park နေရာကို တပ်မတော်အနေဖြင့် ရှင်းလင်းဆောင်ရွက်နေပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အပြီးပြတ်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ် . . .**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လူငယ်စင်တာအတွင်း လူငယ်စကားဝိုင်းပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လှာကမြင်ကွက်သစ်ရှိ ဖွဲကပင်မိုးလုံလေလုံအားကစားရုံကို ဘဏ္ဍာရေးနှစ်အလိုက်တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ကရင်ပြည်နယ်သည် နိုင်ငံလွတ်လပ်ရေးရပြီးချိန်ကတည်းက လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများပျက်ယွင်းပြီး ပြည်နယ်အတွင်းနေထိုင်သည့် ပြည်သူများထိခိုက်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ထိခိုက်မှုများရှိကြောင်း၊ **ကရင်ပြည်နယ်တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် လုပ်ဆောင်နေသူများသည် ကရင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများပင်ဖြစ်**ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပညာသင်ကြားနိုင်မည်၊ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်၊ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် တည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင်ဆောင်ရွက်နေမှုများကို ပြည်နယ်အတွင်း နေထိုင်ကြသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကရင်ပြည်နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် လုပ်ဆောင်နေမှုများကို ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း၊ **အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် မြန်မာ-ထိုင်း နယ်စပ်အနီးရှိ KK park နေရာကို တပ်မတော်အနေဖြင့် ရှင်းလင်းဆောင်ရွက်နေပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အပြီးပြတ်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

မကြာမီကာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကိုလုံခြုံရေးပိုင်းဆိုင်ရာအရ အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရာတွင် မဲမသမာမှုများလုပ်ဆောင်၍ မရနိုင်သည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)များဖြင့် မဲပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မဲမသမာမှုမဖြစ်စေရေးနှင့် ဆန္ဒမဲများပေးနိုင်ရေး ပြင်ဆင် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးရာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုဆောင်ရွက်ရမည်ဖြစ်ပြီး လူကိုအခြေခံသည့် ဖက်ဒရယ်စနစ်မဟုတ်ဘဲ ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့ကျင်းပသည့် ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးရန်လိုကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အနေဖြင့် မိမိတို့နိုင်ငံ၏ နည်းလမ်းတကျဖြစ်သည့် နိုင်ငံရေးစနစ်ဖြစ်စေရေးရွေးကောက်ပွဲသည် အခြေခံဖြစ်သဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေးဆောင်ရွက်ပေးကြရန်လိုကြောင်း။

# နယ်မြေတည်ငြိမ်အေးချမ်းမှုရှိသည့်ဒေသများတွင် တိုးတက်မှုများရရှိနိုင်မည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများတွင် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှုများရရှိနိုင်မည်မဟုတ် . . .

ဆန္ဒမဲပေးရာတွင်လည်း ဒေသအကျိုးကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်သူ၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်ပေးနိုင်သူ၊ နိုင်ငံတော်က တရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့်အတူတကွပူးပေါင်း၍ နိုင်ငံတော်၏အကျိုးကိုဆောင်ရွက်နိုင်သည့် စိတ်ရှိသူ၊ မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်လိုစိတ်ရှိသူ၊ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သည့်သူများကို ရွေးချယ်နိုင်ရန်လိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့်(ရိုဘက်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံကထွက်ရှိသည့် ကော်ဖီများသည် ပြည်ပဈေးကွက်ဝင် ထုတ်ကုန်များဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေနိမ့်ကော်ဖီများကို စိုက်ပျိုးဖြစ်ထွန်းအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသဝင်ငွေကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ သရက်၊ ရော်ဘာ၊ ဒူးရင်း၊ ကွမ်းစသည့်စိုက်ပျိုးရေးခြံများ၌ မြေနိမ့်ကော်ဖီများကို သီးညှပ်အဖြစ် စိုက်ပျိုးသွားမည်ဆိုပါက ဒေသအတွက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်အတွင်း ဝါးများပေါများစွာထွက်ရှိသဖြင့် ဝါးကိုအခြေခံသည့် လက်မှုပစ္စည်းများ၊ ပျော့ဖတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ထိုသို့ဝါးပျော့ဖတ်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပမှ စက္ကူများ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံက ထွက်ရှိသည့် ရော်ဘာများကို တရားမဝင်လမ်းကြောင်းများမှ ပြည်ပသို့တင်ပို့လျက်ရှိသဖြင့် နိုင်ငံတော်အနေဖြင့် ထိခိုက်မှုများရှိကြောင်း၊ ရော်ဘာများထုတ်လုပ်ရာတွင်လည်း အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လိုပြီး ပြည်နယ်အတွင်း၌ ရော်ဘာကိုအခြေခံသည့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများကို ထုတ်လုပ်သွားနိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ငရုတ်ကောင်းစိုက်ပျိုးရေးနှင့်ပတ်သက်၍ ဥယျာဉ်ခြံမြေများ၌ သီးညှပ်အဖြစ်စိုက်ပျိုးသွားမည်ဆိုပါက ဒေသဝင်ငွေကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ ဝင်ငွေများ တိုးတက်လာခြင်းဖြင့် ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ဒေသတွင်းစီးပွားရေးများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမှန်တကယ်အလုပ်လုပ်ကြရန်လိုကြောင်း၊ ထိုသို့ အလုပ်လုပ်နိုင်ရန် အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် ပညာရေးအားပေးကြရန် မဖြစ်မနေလိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများက ထွက်ရှိသည့်ထုတ်ကုန်ပစ္စည်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် လူငယ်စင်တာသို့ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ပြည်နယ်လူမှုရေးရာဝန်ကြီးက စင်တာတည်ဆောက်မှုဆိုင်ရာများ၊ သင်တန်းများဖွင့်လှစ်ခဲ့မှုနှင့် နည်းပညာရပ်ဆိုင်ရာ ဟောပြောပွဲများပို့ချပေးခဲ့မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စင်တာကို အကျိုးရှိရှိအသုံးချသွားရန်လိုပြီး ကရင်ပြည်နယ်အတွက်တိုက်ရိုက်အကျိုးဖြစ်စေနိုင်မည့် သင်တန်းများ၊ လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်မည့် အတတ်ပညာသင်ကြားပေးခြင်းများဖြစ်ရန် လိုကြောင်း၊လူငယ်များသည် နောင်အနာဂတ်တွင် လူကြီးများ၏ တာဝန်များကို လွှဲပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်သဖြင့် သိသင့်သိထိုက်သည့်၊တတ်သင့်တတ်ထိုက်သည့် အသိပညာ၊ အတတ်ပညာများ၊ နိုင်ငံ့အရေးများ၊ ခေါင်းဆောင်မှုပညာရပ်များကိုလည်း အခြေခံအားဖြင့်သင်ကြားပေးရန်လိုကြောင်း၊ စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာတတ်ပြီး အသိအမြင်ကောင်းစွာဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေးဆောင်ရွက်ပေးသွားရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လူငယ်စင်တာအတွင်းလူငယ်များ Indoor Game များ လေ့ကျင့်နေမှု၊ လူငယ်စကားဝိုင်းပြုလုပ်နေမှု၊ အိမ်တွင်းမှုလုပ်ငန်းများ သင်ကြားဆောင်ရွက်နေမှု၊ ဂီတခန်းအတွင်း ဂီတပညာများသင်ကြားပေးနေမှု၊ ပန်းချီသင်တန်း သင်ကြားပို့ချပေးနေမှု၊ ကွန်ပျူတာနည်းပညာများ သင်ကြားပြသပေးနေမှု၊ စာကြည့်တိုက်အတွင်း လူငယ်များ စာပေဖတ်ရှုလေ့လာနေမှုများနှင့် အိပ်ခန်းများနှင့် စားသောက်ခန်းတို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်ဝင်းအတွင်းနှင့် ဘားအံမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လှာကမြင်ကွက်သစ်ရှိ ဖွဲကပင်မိုးလုံလေလုံအားကစားရုံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက အားကစားရုံကို ဘဏ္ဍာရေးနှစ်အလိုက်တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ အခန်းများထည့်သွင်းဖွဲ့စည်းတည်ဆောက်ထားမှု အခြေအနေများ၊ကျင်းပပြုလုပ်နိုင်သည့် အားကစားနည်းများနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အားကစားရုံကို တည်ဆောက်ရာတွင် စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများကိုက်ညီမှုရှိစေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဖွဲကပင်မိုးလုံလေလုံ အားကစားရုံတည်ဆောက်နေမှုလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီးတာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်လမြိုင်မြို့ကျက်သရေဆောင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်နယ် မော်လမြိုင်မြို့ ကျက်သရေဆောင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ကျက်သရေဆောင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ မော်လမြိုင်မြို့ ညနေနေဝင်ချိန်ရှုခင်းကို ကြည့်ရှုသည်။

ထို့နောက် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

အလားတူ ယနေ့ညနေပိုင်းတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်ကမ်းနားလမ်းသို့ ရောက်ရှိပြီး ကမ်းနားလမ်းရှိ ညဈေးတန်း၌ ဒေသရိုးရာအစားအသောက်များ၊ ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် ကမ်းနားလမ်းမြစ်ကမ်းဘက်ခြမ်း၌ အားကစားပြုလုပ်ရန်နှင့် အပန်းဖြေရန်နေရာများ ပြုလုပ်သွားရန်နှင့် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားရန်လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်လမြိုင် ကမ်းနားလမ်းရှိ ညဈေးတန်း၌ ဒေသရိုးရာအစားအသောက်များ၊ ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ မြစ်ကြီးနားမြို့၌ကျင်းပသည့် ရိုးရာကောက်သစ်စားပွဲတော်သို့ တက်ရောက်



မြစ်ကြီးနား နိုဝင်ဘာ ၁၅

ကချင်ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားတို့၏ ထင်ရှားသည့်ရိုးရာပွဲတော်တစ်ခုဖြစ်ပြီး နှစ်စဉ် ဆန်စပါးနှင့် ကောက်ပဲသီးနှံ ရိတ်သိမ်းပြီးချိန်တွင် ကျင်းပသည့် ရိုးရာကောက်သစ်စား(အင်လုံအင်နန်ရှား) ပွဲတော်ကို ယခု ၂၀၂၅ ခုနှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ်တို့ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီက မြစ်ကြီးနားမြို့ စီတာပူ မနောကွင်းအတွင်းရှိ မဂ္ဂယ်ခန်းမ၌ ဌာနေတိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များတက်ရောက်ခဲ့ကြပြီး မနောကွင်းအတွင်း၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ၊ ဝမ်ပေါင်ဘင်ခရာအဖွဲ့၊ ရိုးရာညှော့ကြိုအကအဖွဲ့၊ ဘင်ခရာပန်းဖွားအဖွဲ့တို့က ကြိုဆိုကြသည်။

ထို့နောက် ရိုးရာကောက်သစ်စားပွဲတော်မုခ်ဦး၌ ကက်သလစ်အသင်းတော် ဖာသာ ဒေါက်တာယုံဝါက အမွှေးနံ့သာရည်ပက်ဖျန်း၍ ကောင်းချီးတောင်းခံဆုတောင်းပေးပြီး ပြည်ထောင်စုဝန်ကြီးများ၊အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ သိက္ခာတော်ရဆရာတော်များ၊ တိုင်းရင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ရိုးရာကောက်သစ်စားကျေးဇူးတော် ချီးမွမ်းပွဲအခမ်းအနားကို ခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ပေါင်ဘင်ခရာအဖွဲ့ဦးဆောင်၍ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကောက်ဦးပလိုင်းများကို သယ်ဆောင်နေရာချထားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ကောက်သစ်စားပွဲတော်၏ အနှစ်သာရဖြစ်သည့် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဘိုးဘေးများ၏ ရိုးရာဓလေ့ကို တန်ဖိုးထားထိန်းသိမ်းခြင်းနှင့် ဆန်ရေစပါးပေါကြွယ်ဝခြင်းကို ဖော်ဆောင်ပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ခြင်းကို ထုတ်ဖော်ပြသခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက်သာမက ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းသာယာဝပြောမှုတို့ ယခုထက်ပိုမိုတိုးတက်မြင့်မားလာပါစေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ ဖာသာများ၊ သိက္ခာတော်ရဆရာများကဦးဆောင်၍ အဖွင့်ကျမ်းစာဖတ်ကြားခြင်း၊ ဆုတောင်းဆက်ကပ်ခြင်း၊ ဓမ္မတေးသီချင်းသီဆိုခြင်းနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူလေးများ၏ ကောက်ပဲသီးနှံ တေးကဗျာရွတ်ဆိုခြင်း၊ ဓမ္မဒေသနာတော် ဟောပြောခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကောက်ဦးပလိုင်းလက်ဆောင်များကို အခမ်းအနားတက်ရောက်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုအကြံပေးအဖွဲ့ဝင်များနှင့် ဧည့်သည့်တော်များထံ ပေးအပ်ကြသည်။

ဆက်လက်၍ အစားအသောက်အတွက် ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဓမ္မတေးသီချင်းသီဆိုခြင်းနှင့် ကောင်းချီးတောင်းခံ ဆုတောင်းဆက်ကပ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားမျိုးနွယ်စု စာပေယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ တစ်နှစ်တာအတွင်း အဦးအဖျားရရှိသော ကောက်သစ်(ဆန်)ဖြင့် ချက်ပြုတ်ထားသောနေ့လယ်စာကို အတူတကွ ရင်းနှီးနွေးထွေးစွာ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် မြစ်ကြီးနားမြို့ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ရာ သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် သင်တန်းကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ကချင်ပြည်နယ်ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးမှူးရုံးနှင့် သင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့်တွေ့ဆုံ၍ နယ်စပ်ဒေသရှိ ဝေးလံခေါင်ဖျားသော ဒေသများမှ တိုင်းရင်းသားကျောင်းသား၊ ကျောင်းသူများကိုစုစည်း၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် တက်ရောက်ပညာသင်ကြားခွင့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပြီး သင်တန်းကျောင်းများမှ အခြေခံပညာတတ်မြောက်ပြီးပါက အဆင့်မြင့်ပညာရပ်များအား ဆက်လက်သင်ကြားနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးကို နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုလိုကျောင်းသားအရွယ်ကတည်းက တိုင်းရင်းသားတိုင်းကို ချစ်ခင်လေးစားတတ်ရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်မွေးရန် လိုအပ်ကြောင်းဖြင့်မှာကြားပြီး ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဝင်းအတွင်းရှိ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်နှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ရိပ်သာနှင့်ဝန်ထမ်းအိမ်ရာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ အမှတ်(၁) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အိပ်ဆောင်များနှင့် စားရိပ်သာတို့ကိုလည်းကောင်း၊ ရောရပ်ကွက်အတွင်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာလိုင်းခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေစက်ရပ်ကွက်အတွင်းရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးသို့ရောက်ရှိပြီး ရုံးအတွင်းရှိ ဌာနေတိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှုပြသထားသော ပြခန်းအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်နယ်တာဝန်ခံက ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဦးစီးဌာနအလိုက် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများက အသီးသီးမိတ်ဆက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းနိုင်အောင် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုနှင့် ယုံကြည်မှုပျက်ပြားစေနိုင်သော အချက်များကို ဖော်ထုတ်ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် မှာကြားပြီး ဝန်ထမ်းများကို ချီးမြှင့်ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။




ပြည်နယ်(ပြန်/ဆက်)

---

**တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အများအားဖြင့် သာယာမည်**

နေပြည်တော် နိုဝင်ဘာ ၁၅

မနက်ဖြန်မွန်းတည့်ချိန်ထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ (မိုး/ဇလ)

# ၂၀၂၅ ကိုရီးယား-အာဆီယံ မူဝါဒဖလှယ်ရေး အသိုက်အဝန်း၊ နိုင်ငံတကာအစိုးရ မူဝါဒဆိုင်ရာဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၅

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Shangri-La Hotel ၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်ထိ ကျင်းပသည့် ၂၀၂၅ ကိုရီးယား-အာဆီယံမူဝါဒဖလှယ်ရေး အသိုက်အဝန်း၊ နိုင်ငံတကာအစိုးရ မူဝါဒဆိုင်ရာဆွေးနွေးပွဲသို့ အဓိကဧည့်သည်တော်အဖြစ် တက်ရောက်၍ ဆွေးနွေးပွဲ၏ဖွင့်ပွဲအခမ်းအနား၌ ဂုဏ်ပြုအမှာစကား ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၃ ရက်၌ပြုလုပ်သည့် မူဝါဒဆိုင်ရာ ဆွေးနွေးပွဲ၏ ပထမပိုင်းအစီအစဉ်တွင် Keynote Speaker အဖြစ် Korea-ASEAN Strategic Alliance Toward ASEAN Vision 2025 ခေါင်းစဉ်ဖြင့် ဆွေးနွေး ပြောကြားရာတွင် ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား မိတ်ဖက်ဆက်ဆံရေးသည် အလွန်အရေးပါပြီး ဆယ်စုနှစ်များစွာတိုင်အောင် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မဟာဗျူဟာမြောက်မဟာမိတ်ဖွဲ့ခြင်း၊ ရေတိုစီမံကိန်းများမှတစ်ဆင့် ရေရှည်မျှော်မှန်းချက်များ ချမှတ်နိုင်သည့် ဆက်ဆံရေးကို ပြောင်းလဲဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ အနာဂတ်ပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးသောနယ်ပယ်လေးခုဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေး၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူကုန်ကူးမှု၊ တရားမဝင်မူးယစ်ဆေးဝါး၊ ဆိုက်ဘာရာဇဝတ်မှုနှင့် တရားမဝင်ကုန်သွယ်မှုကဲ့သို့သော နိုင်ငံတကာရာဇဝတ်မှုများ တိုက်ဖျက်ရေးတို့ကို အထူးအာရုံစိုက်၍ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖြင့် ထည့်သွင်းပြောကြားသည်။

ထို့ပြင် အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍများဖြစ်သည့် စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများကိုလည်း ထည့်သွင်းဆွေးနွေး အကြံပြုပြောကြားသည်။

၂၀၂၅ ကိုရီးယား-အာဆီယံ မူဝါဒဖလှယ်ရေး အသိုက်အဝန်း၊ နိုင်ငံတကာ အစိုးရ မူဝါဒဆိုင်ရာဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ သံအမတ်ကြီးများအပြင် ကိုရီးယားသမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ မူဝါဒချမှတ်သူများ၊ နိုင်ငံတကာသုတေသီများနှင့် ပညာရှင်များအပါအဝင် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးနှင့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။



တတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနားတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

☆ ကျောဖုံးမှအဆက်

စစ်သည်များ၊ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့်တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatoliev-ich Kiiashko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းတွင် တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့်အဖွဲ့ဝင်များကို ရေဝတီရေတပ်စခန်းဌာနချုပ် အရာရှိရိပ်သာ၌ လာရောက်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံရေတပ်နှစ်ရပ်အကြား အပြန်အလှန်ဆက်ဆံမှုကိစ္စရပ်များ၊ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီးအပြန်အလှန်လည်ပတ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ရေကြောင်းလုံခြုံရေး သတင်းအချက်အလက်ဖလှယ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ဆွေးနွေးပွဲအပြီးတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့ပြင် တတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ရေတပ်လေ့ကျင့်ရေး ဌာနချုပ် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ကျင်းပပြုလုပ်ရာ တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ)နှင့် အရာရှိ၊ စစ်သည်များ၊ ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ်နှင့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး၊ လေ့လာသူများအဖြစ်ဖိတ်ကြားထားသည့် တရုတ်၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နိုင်ငံတို့မှ မြန်မာနိုင်ငံဆိုင်ရာစစ်သံမှူးများ တက်ရောက်ကြပြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါစစ်ရေယာဉ်များ ရန်ကုန်မြို့သို့ရောက်ရှိနေစဉ်အတွင်း ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲနှင့်



ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ် သုံးစီးကို တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ရုရှားဒုတိယရေတပ်ဦးစီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

လွန်ဆွဲပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ခြင်း၊ ဗိုလ်ချုပ်ဈေးနှင့် Junction City သို့ သွားရောက်လည်ပတ်ခြင်း၊ နှစ်နိုင်ငံစစ်ရေယာဉ်များသို့ အပြန်အလှန်လေ့လာခြင်း၊ ရုရှားရေတပ်၏ ဖရီဂိတ်စစ်ရေယာဉ် Marshal Shaposhnikov ပေါ်တွင် ဂုဏ်ပြုညစာစားပွဲကျင်းပခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။

၎င်းနောက် နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရုရှားရေတပ်မှစစ်ရေယာဉ်များသည် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ ပင်လယ်ပြင်၌ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများ လက်တွေ့ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင် စစ်ရေယာဉ်(မုတ္တမ)ပေါ်၌ လေ့ကျင့်ခန်းပြန်လည်သုံးသပ်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (၅၀၁)

# ခေတ်သစ်ပြည်သူ့ပါတီက
# ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၅

**ခေတ်သစ်ပြည်သူ့ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ ဦးအောင်မျိုးက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ဦးအောင်မျိုး (တွဲဖက်အထွေထွေအတွင်းရေးမှူး-၁၊ ခေတ်သစ်ပြည်သူ့ပါတီ)

အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ခေတ်သစ်ပြည်သူ့ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ ဦးအောင်မျိုးဖြစ်ပါတယ်။ ခေတ်သစ်ပြည်သူ့ပါတီဟာ မြန်မာနိုင်ငံလွတ်လပ်ရေးတိုက်ပွဲဝင် နိုင်ငံရေးခေါင်းဆောင်ကြီးများရဲ့ နိုင်ငံရေးမျိုးဆက်ပါတီဖြစ်ပါတယ်။ လူတွေမှာ မျိုးဆက်မကင်းနိုင်သလို နိုင်ငံရေးမှာလည်း မျိုးဆက်မကင်းနိုင်လို့ဖြစ်ပါတယ်။ ခေတ်သစ်ပြည်သူ့ပါတီကို အဘိဓမ္မာရေး၊ သဘောတရားရေး မူဝါဒလမ်းစဉ်လုပ်ငန်းစဉ်များနဲ့ ခိုင်မာစွာတည်ဆောက်ပြီး ပါတီဝင်ကျင့်ဝတ် ၁၀ ပါးကို ခံယူကျင့်သုံးပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီဟာ ထိုက်တန်သူတွေအတွက် တံခါးဖွင့်ထားတဲ့ ပြည်သူ့တပ်ဦးပါတီသာဖြစ်ပါတယ်။ ပါတီရဲ့တံဆိပ်ဖြစ်တဲ့ ကမ္ဘာလုံးပေါ်က သေးလတ်ကြီးအနီရောင်ကြယ်သုံးပွင့်မှာ ကမ္ဘာလောကကြီးငြိမ်းချမ်းရေး ဒီမိုကရေစီရေး ခေတ်သစ်သိပ္ပံဆိုရှယ်လစ် လောကနိဗ္ဗာန်ခေတ်သို့ တက်လှမ်းရေးဖြစ်ပါတယ်။ ကြယ်သုံးပွင့်အနီရောင်မှာ ရဲရင့်မှု၊ သွေးစည်းညီညွတ်မှုဖြစ်ပါတယ်။ ပါတီအောင်လံရဲ့ အောက်ခံအစိမ်းနုရောင်မှာ တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါတယ်။

သဘောတရားဟာ လူထုကိုချုပ်ကိုင်မိသည်နဲ့တစ်ပြိုင်နက် ရုပ်ဝတ္ထုအင်အားစုဖြစ်လာတယ်။ Theory becomes a material force when it grips the masses လို့ လူမှုသိပ္ပံတရားကဆိုပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီက အကြွင်းမဲ့ငြိမ်းချမ်းရေးလမ်းစဉ်ကိုခံယူပါတယ်။ ပါတီဗဟိုအလုပ်အမှုဆောင် ဥက္ကဋ္ဌကြီးကတော့ ဦးထွန်းအောင်ကျော် ဖြစ်ပါတယ်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ငါးဦး၊ အရန်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နှစ်ဦး၊ ဗဟိုကော်မတီဝင် ၁၁ ဦးတို့က ပါတီကို ဦးဆောင်နေပါတယ်။ ဒီကနေ့ပါတီကို ဧရာဝတီတိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရပ်တည်ထားသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအထိ ဆက်လက်ဖွဲ့စည်းရပ်တည်သွားနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**လမ်းညွှန်သဘောတရား**

"အမြင်မှာမကြည်လင် အလုပ်မှာမပြတ်သားဘူး သဘောတရားဟာ ကြည်လင်ပြတ်သားတဲ့အလားအလာကိုပေးတယ်၊ အမှားအမှန်ဆုံးဖြတ်နိုင်စွမ်းကိုပေးတယ်၊ အလုပ်မှာစိတ်ချမှုကိုပေးတယ်။ နောက်ဆုံး မိမိတို့ခံယူချက်အောင်ရမယ်ဆိုတဲ့ ယုံကြည်ချက်ကိုပေးတယ်" ဆိုတဲ့အတိုင်း ပါတီရဲ့လမ်းညွှန်သဘောတရားကိုတင်ပြသွားပါမယ်။ ခေတ်သစ်ပြည်သူ့ပါတီကခံယူကျင့်သုံးတဲ့ ပြည်သူကိုဗဟိုပြုသော လူမှုသိပ္ပံတရားလေးပါး၊ လောကပါလတရားလေးပါးနဲ့ ပါတီရဲ့ ပညာနိုင်ငံရေးအလုပ်လမ်းညွှန်တရားလေးပါးရှိပါတယ်။ ပြည်သူကိုဗဟိုပြုသော လူမှုသိပ္ပံတရားလေးပါးနှင့် လောကပါလတရားလေးပါးမှာ -

(၁) လူထုတွေမပါရင်ဘာမှမလုပ်နိုင် (၂) လူထုရွေးကောက်ပွဲတွေမပါရင် ဘာမှမလုပ်နိုင် (၃) လူထုတွေရဲ့ အခြေခံအကျိုးစီးပွားနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်တစ်ရပ်ကို လူထုကိုကင်းကင်းလွတ်လွတ် ရွေးချယ်ခွင့်ပြုရမယ် (၄) အဲဒီလိုရွေးချယ်ခွင့်မပြုရင် လူထုတွေ သူ့လမ်းသူရွေးချယ်သွားလိမ့်မယ်။

**ခေတ်သစ်ပြည်သူ့ပါတီရဲ့ ပညာနိုင်ငံရေး အလုပ်လမ်းညွှန်တရားလေးပါး**

၁။ အကန်းယုံအရမ်းယုံမယုံကြဘဲ သိပ္ပံပညာမျက်စိနဲ့သာ ဆင်ခြင်ကြပါစို့။

၂။ ဆင်ခြင်တုံတရားမဲ့ ဆန္ဒစွဲယုံကြည်မှုတွေကိုစွန့်လွှတ်ပြီး အသိအလိမ္မာဉာဏ်ပညာကိုသာ အားကိုးကြပါစို့။

၃။ စနစ်တကျလေ့လာသုံးသပ်မှုကင်းမဲ့တဲ့ဘဝကို စွန့်လွှတ်ပြီး လေးနက်တဲ့အဘိဓမ္မာပေါ်မှာသာ အခြေခံကြပါစို့။

၄။ ဆင်ခြင်တုံတရားမဲ့ အစွဲအလမ်းဟောင်းတွေပေါ်မှာ မျက်စိမှိတ်ဆုပ်ကိုင်ထားသူတွေနဲ့စာရင် အရိုးခံသက်သက်သာမန်ပြည်သူတွေကမှ အမှန်တရားနဲ့ပိုလို့နီးစပ်ပါသေးတယ်။ လူတွေဟာ သင်္ချိုင်းတတ်မြောက်ပြီးသားအဆင်သင့်မွေးဖွားလာခြင်းမဟုတ်ပါ။ လုပ်ရင်းသင် သင်ရင်းတတ်တဲ့ သတ္တဝါသာဖြစ်ပါတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းကြီးဟာ အရေအတွက်အရရောအရည်အချင်းအရပါ ပြောင်းလဲတိုးတက်နေတာဖြစ်ပါတယ်။ ဘယ်လိုပင် ကပ်ဘေးအမျိုးမျိုးကိုဖြတ်သန်းခဲ့ရသော်လည်း ရေးကျောက်ခေတ်လူသားမှ ဒီကနေ့အဆင့်အတန်းအမြင့်ဆုံးသော အီလက်ထရွန်နစ်နည်းပညာခေတ်လူသားအထိ ဖြစ်လာပါတယ်။ အဲဒီလိုပြောင်းလဲတိုးတက်ရာမှာ ရှေးဘုံဝါဒစနစ်(ကျောက်ခေတ်) ကျေးပိုင်ကျွန်ပိုင်စနစ်(သံစပေါ်သောခေတ်) ပဒေသရာဇ်ဧကရာဇ်စနစ် (လက်မှုအတတ်ပညာ ထွန်းကားလာသောခေတ်) ဒီကနေ့ အရင်းရှင်စနစ် (အဆင့်အတန်းအမြင့်ဆုံးသော အီလက်ထရွန်နစ်နည်းပညာခေတ်) ဖြစ်ပြီး ဆက်လက်ပြီးလည်း ခေတ်သစ်သိပ္ပံဆိုရှယ်လစ်လောကနိဗ္ဗာန်ခေတ်သို့ တက်လှမ်းသွားမှာဖြစ်ပါတယ်။ ဒီကနေ့ဟာ ဈေးကွက်စီးပွားရေးနှင့် အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေကြိုးပမ်းသွားရမှာဖြစ်ပါတယ်။

**မူဝါဒလမ်းစဉ်လုပ်ငန်းစဉ်များ**

**စီးပွားရေး။** ။စီးပွားရေးကုန်ထုတ်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်ရေးဟာ လူ့အဖွဲ့အစည်းရှေ့တန်းတက်လှမ်းရေးရဲ့ အဆင့်အတန်းအမြင့်ဆုံးသော မှတ်ကျောက်ညွှန်လက်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတို့ရဲ့စီးပွားရေးကုန်ထုတ်လုပ်မှုကို အာမခံချက်ပေးနိုင်တဲ့ တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးမယ်။ ပြည်တွင်းပြည်ပမှာ လွတ်လပ်စွာပြိုင်ဆိုင်ထုတ်လုပ်ရောင်းဝယ်ခွင့်ပြုမယ်။ တိုင်းရင်းသား ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ သန်းကြွယ်သူဌေးကြီးများ ပေါ်ထွန်းလာရေးကိုဆောင်ရွက်မယ်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ပြည်သူတွေ အသိဉာဏ်ရည်မြင့်မားရန်လိုပါတယ်။ အသိဉာဏ်ရည်မြင့်မားရေးအတွက် လူနေမှုအဆင့်အတန်းမြင့်မားရေးလိုပါတယ်။ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် စီးပွားရေးကုန်ထုတ်လုပ်မှုစွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။

**နိုင်ငံရေး** ။ ။ပြည်သူတို့ရဲ့လူ့အခွင့်အရေးနဲ့ နိုင်ငံရေးလွတ်လပ်မှုကို အာမခံချက်ပေးနိုင်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးမယ်။ လွတ်လပ်ခွင့်အပြည့်အဝရရှိရေး တူညီသောအခွင့်အရေးရှိရေး ပြည်သူဆန္ဒအရအုပ်ချုပ်ရေးဆိုတဲ့ ဒီမိုကရေစီဦးတည်ချက် သုံးရပ်ကို အကောင်အထည်ဖော်သွားမယ်။ သတင်းမီဒီယာနဲ့လူမှုမီဒီယာများ လွတ်လပ်စွာ ဖော်ပြခွင့်ပြုမယ်။

**ဘာသာရေး** ။ ။ မိမိတို့ကြိုက်နှစ်သက်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ သာသနာရေး၊ ဘာသာရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုမယ်။ သို့သော် ဘာသာရေးကို နိုင်ငံရေးတွင်အသုံးချခွင့် မပြုပါ။

**တိုင်းရင်းသားလူမျိုးများအရေး** ။ ။ လူမျိုးကြီးဝါဒနဲ့ ကျဉ်းမြောင်းသော လူမျိုးစွဲဝါဒကင်းရှင်းစွာ တိုင်းရင်းသားလူမျိုးများတန်းတူညီတူ အခွင့်အရေးရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စု ထူထောင်မယ်။

**ပြည်တွင်းငြိမ်းချမ်းရေး** ။ ။ လက်နက်ကိုင်ပဋိပက္ခဟာ သေခြင်းတရားလို ရှောင်လွှဲလို့မရတဲ့အရာ မဟုတ်။ ဒါကြောင့် အမျိုးသား သင့်မြတ်စည်းလုံးရေး ခါးသီးနာကြည်း နောင်ကြဉ်စရာ သမိုင်းသင်ခန်းစာကို ယူပြီးတော့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ ထာဝရ ပြည်တွင်းငြိမ်းချမ်းရေးကို မဖြစ်မနေကြိုးပမ်းသွားရမှာဖြစ်ပါတယ်။



**ကျား၊ မ တန်းတူရေး** ။ ။ အမျိုးသား၊ အမျိုးသမီး ကျား၊ မ တန်းတူရေး မရှိရင် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အလှမ်းဝေးသွားနိုင်ပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီက အမျိုးသမီးများ ဝန်ဒဏ်သုံးရပ်က လွတ်မြောက်ရေး(CEDAW)စာချုပ်ပါသဘောတူညီချက်အတိုင်း အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများပပျောက်ရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေး၊ ကျား၊ မ တန်းတူရေးကိုလည်း ဆောင်ရွက်မယ်။

**တောင်သူလယ်သမားများအရေး** ။ ။ စိုက်ပျိုးရေးကိုအခြေခံတဲ့ မြန်မာနိုင်ငံတွင် တောင်သူလယ်သမားလူတန်းစားများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပါတယ်။ တောင်သူလယ်သမားများ လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်သိုလှောင်ရောင်းချခွင့်ပြုမယ်။ ပြည်ပသို့ လွတ်လပ်စွာတင်ပို့ရောင်းချခွင့်ပြုမယ်။ တောင်သူလယ်သမားများအကျိုးကို တောင်သူလယ်သမားများဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားအစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုမယ်။ အဆင့်မြင့်စက်မှုလယ်ယာထူထောင်ရေးကို ကြိုးပမ်းသွားမယ်။

**အလုပ်သမားလူတန်းစားများအရေး** ။ ။ လုပ်ငန်းရှင်နဲ့ အလုပ်သမားလူတန်းစားတို့ရဲ့ပေါင်းစည်းစွမ်းအားဟာ လူ့အဖွဲ့အစည်းတိုးတက်ဖြစ်ပေါ်ရေးရဲ့ မောင်းနှင်အားဖြစ်ပါတယ်။ လုပ်ငန်းရှင်မရှိရင် အလုပ်သမားမရှိနိုင်သလို အလုပ်သမားမရှိရင်လည်း လုပ်ငန်းရှင်မရှိနိုင်ပါ။ ဒါကြောင့် လုပ်ငန်းရှင်နဲ့အလုပ်သမားပဋိပက္ခဟာ ပေါင်းစပ်ဖြေရှင်းလို့မရတဲ့ ပဋိပက္ခမဟုတ်ပါ။ စီးပွားရေးကုန်ထုတ်လုပ်မှုစွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ အလုပ်သမားများနဲ့ ဆင်းရဲသားများရဲ့ဘဝဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တယ်။ အလုပ်သမားများအကျိုးကို အလုပ်သမားများဖန်တီးနိုင်ရေးအတွက် အလုပ်သမားအစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုမယ်။

**ကျန်းမာရေး** ။ ။ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို ကြိုးပမ်းသွားနိုင်ရေးအတွက် အဆင့်မြင့်ဆေးရုံ၊ ဆေးပေးခန်းများ ဒေသအလိုက်ဖွင့်လှစ်သွားမယ်။ အဆင့်မြင့်ဆေးပညာရှင်များ၊ ပေါ်ထွန်းလာရန်ကြိုးပမ်းမယ်။ ဆေးပညာသုတေသနလုပ်ငန်းများကို အားပေးမယ်။ တိုင်းရင်းဆေးများအစွမ်းထက်ရေး၊ တိုင်းရင်းဆေးများ နိုင်ငံတကာအဆင့်မီထုတ်လုပ်နိုင်ရေးကိုအားပေးမယ်။ ကျန်းမာရေးကဏ္ဍတွင် ပုဂ္ဂလိကများလုပ်ပိုင်ခွင့်ပြုမယ်။

**ပညာရေး** ။ ။ ယနေ့ပညာခေတ်တွင် အသိပညာရှင်၊ အတတ်ပညာရှင်များမွေးထုတ်နိုင်သော ပညာရေးစနစ်ကိုကျင့်သုံးမယ်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသုတေသနလုပ်ငန်းများလုပ်ကိုင်ပြီး ပညာတော်သင်များ ပြည်ပသို့စေလွှတ်သင်ယူမယ်။ လူငယ်များ အနိမ့်ဆုံးအခြေခံပညာအထက်တန်း အောင်မြင်နိုင်ရေး ဆောင်ရွက်သွားမယ်။ ပညာရေးကဏ္ဍတွင် ပုဂ္ဂလိကများ လုပ်ကိုင်ခွင့်ပြုမယ်။

**ကာကွယ်ရေး** ။ ။ ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းဆောင်ရည်မြင့်မားသော မျိုးချစ်တပ်မတော်၊ အမျိုးသားတပ်မတော်၊ ပြည်ထောင်စုတပ်မတော်၊ ပြည်သူ့တပ်မတော်ဖြစ်ရမယ်။

**စာမျက်နှာ ၂၃ သို့**

# လေဘာပါတီက
# ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၅

**လေဘာပါတီဥက္ကဋ္ဌ ဦးမြင့်သန်း က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ဦးမြင့်သန်း (ဥက္ကဋ္ဌ၊ လေဘာပါတီ )**

"လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ အလုပ်သမား၊ လယ်သမား၊ ပြည်သူလူထုတစ်ရပ်လုံး ခင်ဗျား"

ဒီကနေ့ ဤရုပ်မြင်သံကြားမှတစ်ဆင့် မေတ္တာဖြင့်နှုတ်ခွန်းဆက်သခွင့် ရသည့်အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ကတော့ လေဘာပါတီရဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ပါတီဟာ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသား၊ အခြေခံလူတန်းစားများရဲ့ စစ်မှန်သောကိုယ်စားပြုအဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ဖို့အတွက် အားထုတ်ကြိုးပမ်းနေတာ နှစ်ကာလကြာမြင့်ခဲ့ပါပြီ။ ဒီကနေ့ ဒီနေရာမှရပ်တည်ပြီးပြောကြားခွင့်ရခြင်းဟာ ကျွန်တော်တို့ လေဘာပါတီအတွက် သမိုင်းဝင်အခွင့်အရေးတစ်ခုဖြစ်ပါတယ်။

**လက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုများနဲ့ပတ်သက်ပြီး ပြောပြရမယ်ဆိုရင် –**

"ချစ်ခင်လေးစားရတဲ့ ပြည်သူများခင်ဗျား"

ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစိန်ခေါ်မှုပေါင်းစုံနဲ့ လက်ရှိရင်ဆိုင်နေရပါတယ်။ အထူးသဖြင့် အလုပ်သမားများနဲ့ လယ်သမားများရဲ့ဘဝဟာ ကြမ်းတမ်းခက်ခဲနေဆဲဖြစ်ပါတယ်။

လုပ်ခလစာက စားဝတ်နေရေးအတွက်မလုံလောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှု၊ မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုတွေနဲ့ စိုက်ပျိုးစရိတ်ကြီးမြင့်ပြီး သင့်မြတ်တဲ့ကုန်ဈေးနှုန်းနဲ့ သင့်တော်တဲ့လုပ်ခဝင်ငွေ မရရှိမှုတွေဟာ နိုင်ငံရဲ့ကျောရိုးဖြစ်တဲ့ အလုပ်သမားနဲ့တောင်သူ လယ်သမားထုရင်ဆိုင်နေရတဲ့ အဓိကပြဿနာပါ။ ဒီအခြေခံလူတန်းစားတွေရဲ့ဘဝလုံခြုံမှုမရှိသရွေ့၊ ကျွန်ုပ်တို့ရဲ့နိုင်ငံဟာလည်း စစ်မှန်တဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိမှာမဟုတ်ပါဘူး။

**လေဘာပါတီ၏ရည်မှန်းချက်**

ဒါကြောင့် ကျွန်တော်တို့လေဘာပါတီဟာ အဓိကရည်မှန်းချက် သုံးရပ်ကို ချမှတ်ထားပါတယ်။

(၁) မျှတသောလုပ်ခလစာ၊ အလုပ်သမားအခွင့်အရေးနှင့်လုံခြုံမှုရရှိရေး

(၂) လယ်ယာမြေနှင့် လယ်ယာထွက်ကုန်တန်ဖိုးမြှင့်တင်နိုင်ရေး

(၃) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးစနစ် တည်ဆောက်နိုင်ရေးတို့ ဖြစ်ပါတယ်။

ဒီရည်မှန်းချက်တွေဟာ လူမှုတရားမျှတမှုနဲ့ စီးပွားရေးတန်းတူညီမှုကို အခြေခံတဲ့ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကိုတည်ဆောက်ဖို့အတွက် ကျွန်တော်တို့ရဲ့မဟာဗျူဟာပဲ ဖြစ်ပါတယ်။

**ပါတီ၏မူဝါဒနှင့်လုပ်ငန်းစဉ်များကို တင်ပြရမယ်ဆိုရင် –**

ပြည်သူလူထုကြီးခင်ဗျား – ကတိစကားသက်သက်မဟုတ်ဘဲ ကျွန်တော်တို့ပါတီဟာ လက်တွေ့ကျတဲ့မူဝါဒတွေနဲ့ ပြည်သူများရဲ့ဘဝကို တိုးတက်စေရမယ်လို့ယုံကြည်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ နိုင်ငံရေးမူဝါဒသဘောထားကတော့ ပါတီစုံပါဝင်တဲ့ နိုင်ငံသားများဦးဆောင်သည့် နိုင်ငံရေးလမ်းစဉ်ကိုကျင့်သုံးနိုင်ရေးဖြစ်ပါတယ်။

**ပါတီရဲ့လုပ်ငန်းစဉ်များအဖြစ်**

* ပြည်သူ/ပြည်သားအားလုံးနှင့်အလုပ်သမားများဥပဒေအရ ခံစားခွင့်နှင့်ရပိုင်ခွင့်များ ညီတူညီမျှခံစားနိုင်ရေး။

* သက်ကြီးရွယ်အိုများနှင့်အလုပ်အကိုင်မရှိသူများအား နိုင်ငံတော်ရန်ပုံငွေမှအထောက်အပံ့ပြုနိုင်ရေး။

* ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ကာကွယ်ရေးနှင့်စီးပွားရေးကဏ္ဍများတွင် ပြည်ထောင်စုဖွားနိုင်ငံသားများ၏ ဦးဆောင်နိုင်ခွင့်နှင့် ဦးစားပေးရထိုက်ခွင့်ခံစားရရှိနိုင်ရေးနှင့် ပြည်ထောင်စုဖွားနိုင်ငံသားများကို အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးမူဝါဒလမ်းစဉ်များကို သင့်တော်သည့် နည်းလမ်းများဖြင့် ဖော်ထုတ်နိုင်ရေးတို့ဖြစ်ပါတယ်။

**အထူးသဖြင့် အလုပ်သမားအခန်းကဏ္ဍအတွက်**

*အနည်းဆုံး လုပ်ခလစာတိုးမြှင့်ခြင်း၊ လက်ရှိကုန်ဈေးနှုန်းအပေါ်မူတည်၍ နေထိုင်စားသောက်နိုင်လောက်သော မျှတသည့် အနည်းဆုံးလုပ်ခလစာ (Minimum Salary) သတ်မှတ်နိုင်ရန် ဥပဒေကြမ်းကိုတင်သွင်းပါမယ်။

* အလုပ်သမားသမဂ္ဂများအားကောင်းစေခြင်း၊ အလုပ်ရှင်/ အလုပ်သမားများအကြား အငြင်းပွားမှုများတွင် အလုပ်သမားများဘက်မှ ရဲရဲဝံ့ဝံ့ ရပ်တည်ကာကွယ်ပေးမယ့် လွတ်လပ်သော အလုပ်သမားသမဂ္ဂများကို ဥပဒေအရအကာအကွယ်ပေးပြီး အားကောင်းလာအောင်ဆောင်ရွက်ပေးပါမယ်။

* လူမှုဖူလုံရေးကဏ္ဍမြှင့်တင်ခြင်းနှင့်အလုပ်သမားများအတွက် ပင်စင်လစာ၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အလုပ်လက်မဲ့အကျိုးခံစားခွင့်များကို အာမခံနိုင်မယ့် ခိုင်မာသောလူမှုဖူလုံရေးစနစ်ကို ချဲ့ထွင်ဖော်ဆောင်ပါ့မယ်။

* နိုင်ငံတော်ရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေထိုင်သူများဖြစ်ပါတယ်။

**ဒါကြောင့် လယ်သမားအခန်းကဏ္ဍအတွက် –**

* မြေယာလုပ်ပိုင်မှုခိုင်မာစေခြင်း၊ မြေယာလုပ်ပိုင်မှု အငြင်းပွားမှုတွေကို ဥပဒေအရ မြန်ဆန်စွာဖြေရှင်းပေးပြီး လယ်သမားများလက်ဝယ်ရှိ မြေယာများအတွက် ခိုင်မာသောလုပ်ပိုင်ခွင့်ကိုရရှိနိုင်ရေး အာမခံပါ့မယ်။

* စိုက်ပျိုးစရိတ်လျှော့ချရေး၊ ဈေးကွက်ရှာဖွေရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို ဈေးနှုန်းချိုသာစွာရရှိနိုင်ရန်ထောက်ပံ့ပေးပြီး လယ်ယာထွက်ကုန်များကို သင့်တင့်သောဈေးနှုန်း ရရှိစေရန်အတွက် ပြည်ပဈေးကွက်နဲ့ ချိတ်ဆက်ပေးပါ့မယ်။

* လယ်သမား ကြွေးမြီပြဿနာ ဖြေရှင်းရေးနှင့် ဒုက္ခရောက်နေသော လယ်သမားများ၏ ကြွေးမြီများကိုဖြေလျှော့ပေးပြီး စိုက်ပျိုးရေးလုပ်ငန်း များအတွက် အတိုးနှုန်းသက်သာသော ရေရှည်ချေးငွေစနစ်ကို စတင်ဖော်ဆောင်ပါ့မယ်။

**ချစ်သော အလုပ်သမား၊ လယ်သမား ပြည်သူများတို့ခင်ဗျား–**

ကျွန်တော်တို့လေဘာပါတီရဲ့ အနာဂတ်မျှော်မှန်းချက်ဟာ "ခေတ်နောက်ကျကျန်ရစ်သူ၊ အမြဲတမ်းမျက်ကွယ်ပြုခံနေရသူ၊ စစ်မှန်သောတိုးတက်မှုအသီးအပွင့်ကို မခံစားရသေးသူများ" အတွက် မွေးဖွားလာတဲ့ ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဘယ်သူ့ကိုမှမမုန်းတီးပါဘူး။ "လူမှုတရားမျှတမှုမရှိခြင်းနဲ့ ဆင်းရဲနွမ်းပါးမှု" ကိုသာ မုန်းတီးပါတယ်။

ကျွန်တော်တို့လေဘာပါတီဟာ စီးပွားရေးစနစ်တစ်ခုလုံးကို အလုပ်သမားနှင့်လယ်သမားများရဲ့ အကျိုးစီးပွားအတွက် ဦးတည်တဲ့ မူဝါဒတွေနဲ့ပြောင်းလဲပစ်မှာပါ။ အလုပ်ကိုလေးစားတဲ့နိုင်ငံ၊ ချွေးနဲ့စာကို တန်ဖိုးထားတဲ့နိုင်ငံကို တည်ဆောက်သွားပါမယ်။ ဒီလိုအပြောင်းအလဲအတွက် ကျွန်တော်တစ်ဦးတည်း၊ တစ်ပါတီတည်းနဲ့မရပါဘူး။ ပြည်သူအားလုံးရဲ့အား၊ ပြည်သူအားလုံးရဲ့မဲဆန္ဒ လိုအပ်ပါတယ်။

ဒါကြောင့် ဒီတစ်ကြိမ်ရွေးကောက်ပွဲမှာ ပြည်သူတွေရဲ့ဘဝဖွံ့ဖြိုးတိုးတက်စေဖို့ ကိုယ်စားလှယ်ကောင်းများကိုရွေးချယ်ကြပါ။ လူမှုဘဝဒုက္ခများကို ဖယ်ရှားနိုင်ရေးအတွက် လေဘာပါတီကို ရဲရဲဝံ့ဝံ့မဲပေးကြပါ။ ဒီမဲဟာ သင်တို့ရဲ့လုပ်ခလစာကိုတိုးတက်စေမယ့်မဲ၊ သင်တို့ရဲ့ မြေယာလုပ်ပိုင်မှုကိုလုံခြုံစေမယ့်မဲ၊ သင်တို့ရဲ့သားသမီးတွေကို ပညာတတ်ဖြစ်စေမယ့်မဲ၊ သင်တို့ရဲ့မိသားစုဘဝကို ဖွံ့ဖြိုးတိုးတက်စေမယ့်မဲ ဖြစ်ပါတယ်။ မဲဆန္ဒနယ်မြေအသီးသီးမှာ ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ လေဘာပါတီရဲ့ ကိုယ်စားလှယ်လောင်းများဟာ ပြည်သူပြည်သားများထဲက ထွက်ပေါ်လာသူများဖြစ်ပါတယ်။ သူတို့ဟာ သင်တို့ရဲ့အခက်အခဲတွေကို အတူရင်ဆိုင်ဖြေရှင်းပေးသွားမယ့်သူတွေပါ။

**ဒါကြောင့်၊ နိဂုံးချုပ်အနေနဲ့ပြောကြားချင်တာကတော့ –**

"ဒီရွေးကောက်ပွဲဟာ သမိုင်းဝင်အခွင့်အရေးပါ။ ဒီအခွင့်အရေးကို လက်လွတ်မခံကြပါနဲ့။ တရားမျှတမှု၊ တန်းတူညီမျှမှု၊ ကောင်းမွန်တဲ့လူမှုဘဝတစ်ခုအတွက် ဖော်ဆောင်နိုင်ဖို့ရန် လေဘာပါတီကိုမဲပေးကြပါလို့ လေးစားစွာတိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။"

**ပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာကြပါစေ။**

**ကျေးဇူးတင်ပါတယ်ခင်ဗျား။**

**စာမျက်နှာ ၂၂ မှအဆက်**

**နိုင်ငံခြားရေး**။။ လွတ်လပ်သောနိုင်ငံခြားရေးဝါဒကို ကျင့်သုံးမယ်။ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေး ဘန်ဒေါင်းမူကြီး ငါးချက်နှင့်အညီ နိုင်ငံတကာဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးများကို ကျယ်ပြန့်စွာလုပ်ဆောင်သွားမယ်။ နိုင်ငံတကာဗိုလ်ကျစိုးမိုးရေးဝါဒ၊ ကိုလိုနီလက်သစ်ဝါဒများကို ကာကွယ်တိုက်ဖျက်သွားမယ်။ အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ အာဆီယံနိုင်ငံများနဲ့ ဆက်ဆံရေးပူးပေါင်းဆောင်ရွက်ရေးများကို ပိုမိုကြိုးပမ်းသွားမယ်။

ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြရရင်တော့ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ကြိုးပမ်းထမ်းဆောင်အောင်မြင်လာတာနဲ့အမျှ ပြည်သူလူထုအကျိုးဖြစ်ထွန်းလာတာနဲ့အမျှ ပြည်သူတွေကပစ်ပယ်မထားဘဲ မေ့လျော့မနေဘဲ ခေါင်းဆောင်ကောင်းများအဖြစ် ပို့ဆောင်ကြမဲ့ဖြစ်တယ်။ ပြည်သူတို့က မိမိတို့အားကိုးရာပုဂ္ဂိုလ်ကောင်းများအဖြစ် ရွေးချယ်လာကြမယ်ဖြစ်တယ်ဆိုတာခံယူပြီး ခေတ်သစ်ပြည်သူ့ပါတီက နိုင်ငံနဲ့ပြည်သူ့အကျိုးကို ကြိုးပမ်းထမ်းဆောင်သွားမယ်ဆိုတာတင်ပြရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

"ခေတ်သစ်ပြည်သူ့ပါတီ၏ သီချင်းစာသား"

( ခေတ်စနစ်နဲ့အညီ တိုးတက်ခဲ့လေပြီ x x x x

ရွှေမြန်မာပြည် ပါတီစုံ ဒီမိုကရေစီ

ဈေးကွက်စီးပွား တံခါးဖွင့်လေပြီ x x အမျိုးသား အကျိုးစီးပွားဖြင့်

မြင့်မားရစေမည်x

တိုးတက်အောင် ... ဖော်ဆောင်မည် x x ခေတ်သစ်မူဝါဒ တူညီမျှတစွာ x x

လမ်းပြတော့မည် x x

ခေတ်တစ်ခေတ်အတွက် စံနမူနာ အမှန်တူညီ x x ခေတ်အဆက်ဆက်

မြန်ဇမ္ဗူအသံတူညီ x x

( ခေတ်သစ်ပြည်သူ့ပါတီ ) ၂၊ (ဒို့ ခေတ်သစ်ပြည်သူ့ပါတီ x x x ) ၂

# မဟာအောင်မြေမြို့နယ် သံလျက်မှော်အရှေ့ရပ်ကွက် အဝေရာ ရာမရန်ကင်းကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မှော်အရှေ့ရပ်ကွက် အဝေရာ ရာမရန်ကင်းကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၇၂ ပါးနှင့် ဒေသခံပြည်သူ ၁၅၂ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နိုင်ငံ့သားကောင်းရတနာများကို အဝတ်အထည်များပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉)သို့တက်ရောက်မည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ပုသိမ်တပ်နယ် အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အဝတ်အထည်များ ပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**❑ မာရသွန်အပြေးပြိုင်ပွဲမှ**

အမျိုးသား၊ အမျိုးသမီး၄၁၁ ဦး၊21 Kmတန်း၌ အမျိုးသား၊ အမျိုးသမီးဦးရေ ၄၆၀၊ ၄၂ ကီလိုမီတာတန်း၌ အမျိုးသား၊ အမျိုးသမီးဦးရေ ၁၁၀ စုစုပေါင်း ပြိုင်ပွဲဝင် ၉၈၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို ဒုတိယဗိုလ်ချုပ်ကြီး သောင်းအေး(ငြိမ်း)၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ကိုဦး၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

မာရသွန်အပြေးပြိုင်ပွဲ ၁၀ ကီလိုမီတာတန်းတွင် ဆုရရှိခဲ့သည့်အပြေးအားကစားသမားများကို ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း၊ ၂၁ ကီလိုမီတာတန်းတွင် ဆုရရှိခဲ့သည့် အပြေးအားကစားသမားများကို ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်းနှင့် ၄၂ ကီလိုမီတာတန်းတွင်ဆုရရှိခဲ့သည့်အပြေးအားကစားသမားများကို ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆုငွေကျပ် ငါးသိန်းနှင့်MARS Co.,Ltd၊ Beroco Co.,Ltd၊ Herbal Activ Co.Ltd တို့က လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ဒီပါလင်း**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် ညအပူချိန်များ (၁၅ - ၁၁ - ၂၀၂၅)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | ဟုမ္မလင်း | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | လားရှိုး | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | နမ့်စန် | ၁၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | တောင်ကြီး | ၁၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၁၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဟဲဟိုး | ၁၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင်ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် နိုဝင်ဘာ ၁၇ ရက်မှ ၂၂ရက်ထိ နံနက် ၉ နာရီမှ ညနေ၄နာရီခွဲအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# တရုတ်-မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအို၊ ဗီယက်နမ်နိုင်ငံတို့အကြား ပထမအကြိမ် အွန်လိုင်းလိမ်လည်မှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




တရုတ်-မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ပထမအကြိမ် အွန်လိုင်းလိမ်လည်မှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

တရုတ်-မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအို၊ ဗီယက်နမ်နိုင်ငံတို့အကြား ပထမအကြိမ် အွန်လိုင်းလိမ်လည်မှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Hai Geng (ဟိုင်ဂင်)ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလျိုကျုံးယီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကျိုဗန်ထန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာခမ်ကင်းဖွီလာမနီဝုန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့ လက်ထောက်ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဇီရာဘ်ဟော့ဘူရီဒတ်ချ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မူခင်းရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး မစ္စတာဖန်မန်ထရန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြပြီး ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး(UNODC)၊ စင်ကာပူနိုင်ငံ အခြေစိုက်အင်တာပိုလ်ရုံးခွဲနှင့် လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟိုဌာန (LMLECC)တို့မှ ကိုယ်စားလှယ်များက လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် သဘာပတိဖြစ်သူ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလျိုကျုံးယီက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အမှာစကားအသီးသီးပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှုများတိုက်ဖျက်ရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လိမ်လည်မှုကွန်ရက်များနှင့် ရာဇဝတ်ဂိုဏ်းများကို ပြတ်ပြတ်သားသား နှိမ်နင်းဖယ်ရှားရန်၊ အဆိုပါကွန်ရက်များ၌ ပိတ်မိနေသူများကို ကယ်ဆယ်ရန်၊ ဒေသတွင်းတရားဥပဒေစိုးမိုးရေးကိုထိန်းသိမ်းရန် အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အွန်လိုင်းအသုံးပြုလိမ်လည်မှုတိုက်ဖျက်ရေးသည် လန်ချန်း-မဲခေါင်အသိုက်အဝန်း၏ ဘုံတာဝန်ဖြစ်ကြောင်း၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးယန္တရားသည် စိန်ခေါ်မှုများကိုရင်ဆိုင်နိုင်မည့် ပလက်ဖောင်းတစ်ရပ် ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဆက်သွယ်ရေးစနစ်နှင့် အွန်လိုင်းတို့ကိုအသုံးပြုပြီး လိမ်လည်သောမှုခင်းများ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာ မဟာမိတ်အဖွဲ့ပူးတွဲတည်ထောင်ရေး၊ အွန်လိုင်းလိမ်လည်မှုလုပ်ကိုင်နေသောနေရာများကို ရှင်းလင်းဖယ်ရှားရေးနှင့်ပြည်နှင်လွှဲပြောင်းမှုတိုးမြှင့်ပြုလုပ်ရေး၊ အွန်လိုင်းလိမ်လည်မှုပြုလုပ်နေသော အဓိကနေရာများအား ပူးတွဲထိန်းချုပ်ရေး စသည့် ခေါင်းစဉ် သုံးရပ်ဖြင့် ဆွေးနွေးမှုကို ဆက်လက်ပြုလုပ်ခဲ့ရာ အစည်းအဝေး တက်ရောက်လာကြသော နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များက အသီးသီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သဘာပတိဖြစ်သူ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလျိုကျုံးယီနှင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နိဂုံးချုပ်အမှာစကား အသီးသီး ပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်ကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်သင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် တက္ကသိုလ်များ၊ ပညာရေးကောလိပ်များနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။



ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အပါအဝင် မြို့နယ် ငါးမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနိက အဆောက်အအုံများနှင့် ခရစ်ယာန်ဘုရားကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင်အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)




(၁)

မြို့ကလေးရဲ့ဈေးဆိပ်ကို သန်းကြည်မတို့ ရောက်တော့ နှင်းတွေဝေနေအောင် ကျဆင်းနေဆဲရှိသေးသည်။ ရွာကနေလှေကလေးနဲ့ တစ်နာရီကျော်ကျော်လောက် လှော်လာခဲ့ရတာဆိုတော့ ချွေးကလေးတွေတောင်စို့ချင်ချင်မို့ တဖွဲဖွဲတသည်းသည်း ပိန်းပိန်းပိတ်အောင် ဖုံးလွှမ်းထားတဲ့ နှင်းမှုန်နှင်းစက်တွေကို ဂရုတောင်စိုက်နိုင်ခဲ့သည်မဟုတ်ပေ။

ဆယ်တောင်တိုလှေကလေးကို လှေပဲ့ကနေ အင်နဲ့အားနဲ့ တဝုန်းဝုန်းထအောင် လှော်လာရတဲ့ သာဆောင်ကတော့ ဘယ်လိုနေမယ် မပြောတတ်သော်ငြား လှေဦးကနေ လက်တစ်ဝါးလောက်သာရှိတဲ့ လှော်တက်ကလေးနဲ့ ဖွဖွကလေးယက်ရုံယက်လာခဲ့တဲ့ သန်းကြည်မတောင် ဂျင်းအင်္ကျီအဟောင်းကြီးကို ချွတ်ပစ်ချင်လောက်အောင် အိုက်နေတော့သည်။

ဈေးဆိပ်ကမ်းပါးမှာ စီစီရီရီ ကြက်တောင်စိုက်ဖောင်ဖွဲ့နေတဲ့ လှေအုပ်စုကြီးကြားကို သန်းကြည်မတို့လှေကလေး အတင်းတိုးဝင်လိုက်ချိန်မှာတော့ ဝါးခယ်မမြို့ကလေးရဲ့ အနီးဝန်းကျင်ရွာငယ်ကလေးတွေက ဗဝန်းလှေတွေ၊ ချုံဖော်လှေတွေ၊ တန်းလှေတွေ၊ ပိုက်လှေတွေ၊ ကွန်လှေတွေဟာ တစ်ညလုံး သူတို့ရှာဖွေလို့ရလာသမျှ ငါးပုစွန်တွေကို သူ့ထက်ငါရောင်းချနေကြပါပြီ။

စောစောလာ၊ စောစောရောင်းပြီး၊ စောစောပြန်ထွက်သွားကြတဲ့ တံငါလှေတွေဟာ သုံးစင်းတစ်စု၊ လေးစင်းတစ်စု အုပ်စုကလေးတွေဖွဲ့ပြီး နှင်းမြူတွေဝေဝါးအောင်ပိတ်ဆီးထားတဲ့ မြစ်မကြီးတစ်လျှောက် တရွေ့ရွေ့ တိုးဝင်ပျောက်ကွယ်သွားကြပါပြီ။အဲသလိုပါပဲ နောက်ထပ်နောက်ထပ်ရောက်လာကြတဲ့ တံငါလှေကလေးတွေဟာလည်း ရောက်နေဆဲပါပဲ။

လှေကလေးတွေ တစ်စီးစီ၊ တစ်စီးစီပေါ်မှာလည်း ရေနံဆီမီးခွက်၊ ဒီဇယ်မီးခွက်ရောင်တွေက တဖျပ်ဖျပ်၊ တလက်လက်နဲ့ပေမို့ ခပ်ဝေးဝေးကနေ မျှားကြည့်လိုက်ရင် သော်ကဘုရားပွဲတော်ကြီးရဲ့ ပွဲဈေးတန်းကြီးများလားတောင် အောက်မေ့ရတော့သည်။

တံငါလှေတွေ၊ ဈေးကောက်လှေတွေ စုံလှတာမို့၊ ဈေးခေါ်သံ၊ ဈေးဆစ်သံ၊ ခေါ်သံ၊ အော်သံ၊ ဆူသံ၊ ဆဲသံ၊ ချိန်ခွင်သံ၊ လင်ပန်းသံတွေနဲ့ အတူ ညစ်ညစ်ပတ်ပတ်တိုင်းထွာဆဲရေးသံတွေ၊ ဝါးခနဲ ဝါးခနဲ ပွဲကျရယ်မောလိုက်သံတွေဟာလည်း ဟောသည်ဝါးခယ်မငါးစိမ်းတန်းထိပ်ကမ်းစပ်မှာ နံနက်တိုင်းကြားနေကျတေးဂီတသံတွေပါပဲ။

(၂)

"ဟဲ့ ကောင်ရယ် အဲဒါကြောင့် ငါပြောတာပေါ့၊ စောစောထပါဆိုတာ၊ အခုတော့ကောင်းသေးရဲ့လား ၊သူများလက်ထဲအကုန်ရောက်ကုန်ပြီ၊ အဲ့ဒါနင့်ကြောင့်"

လှေပဲ့မှာထိုင်ပြီး ဆေးပေ့ါလိပ်ကြီး မီးရဲရဲနှင့်ဖွာနေသော သာဆောင်ကို သန်းကြည်မတစ်ယောက် ပက်ပက်စက်စက်ပြောဆိုကျိန်ဆဲလိုက်ပြီး ဘေးနားကပ်လျက် ကွန်လှေတစ်စင်းပေါ် ခုန်တက်လိုက်သည်။

"ဘာတွေပါလဲ၊ ဘာတွေပါလဲ၊ ကျုပ်အကုန်ယူမှာနော်"ခပ်ကျယ်ကျယ် အော်လိုက်သေးသည်။

သန်းကြည်မခုန်တက်လိုက်သော ကွန်လှေပေါ်တွင် ကြေးချိန်ခွင်ကြီးတကားကားနှင့် ဆတ်ထုပ်တွေ၊ ပြောင်ထုပ်တွေ၊ ငါးပုတ်သင်တွေ၊ ငါးမွေးနီတွေ၊ ငါးသံပါးတွေ၊ ငါးဖယ်အောင်းတွေ ကျုံးချိန်နေသည့် မလုံးတင်၏ချိန်ခွင်ခွက်ထဲမှ ကျားတံဆိပ်ပိဿာလေးကြီးငါးလုံးထက်သည် လှေအလူးတွင် သံလင်ပန်းပေါ် ဂွမ်းခနဲပြုတ်ကျတော့၏။

ဘယ်အချိန်ထဲက စကားလုံးတွေရွေးပြီး ပါးစပ်ထဲမှာ တန်းစီထားလေသည်မသိ၊ ယုတ်ယုတ်မာမာ၊ ညစ်ညစ်ညမ်းညမ်း၊ တိုင်းထွာဆဲဆိုသံတွေ တရစပ်ထွက်ပေါ်လာခဲ့ပြီ။

"ဟဲ့ ဟဲ့ ကောင်မရဲ့၊ သရဲမရဲ့ စီးလှချေလားဟဲ့၊ ဒီမှာ ငါ့အရင်ရောက်လို့ဈေးတောင်ဖြတ်ပြီးပြီ၊ မသာမရဲ့"

ပြောပြောဆိုဆိုနှင့် လွတ်ကျသွားသော ပိဿာလေးကြီးတစ်လုံးကို ဆတ်ခနဲကောက်ကိုင်လိုက်ပြီး လှေပေါ်ခုန်တက်လာသောသန်းကြည်မကို ခပ်တင်းတင်းရင်ဆိုင်လိုက်သည့် မလုံးတင်၏ မျက်လုံးနှစ်ဖက်မှာ မီးဝင်းဝင်းတောက်နေသလားထင်ရတော့၏။

မိုးကလည်း မလင်းသေး၊ နှင်းတွေကလည်း ပိန်းပိတ်အောင်ကျ ရေခိုးရေငွေ့တွေကလည်း သိပ်သိပ်သည်းသည်းလွှင့်ပျံကာဆီးထား၊ လောဘဇောကလည်း မွှန်နေချိန်ဖြစ်၍ ကွန်လှေအလယ်ခေါင်မှာ ကားကားကြီးထိုင်ပြီး ငါးတွေ၊ ပုစွန်တွေ ချိန်တွယ်နေသည့် မလုံးတင်ကို သန်းကြည်မ မမြင်ခဲ့ချေ။

"မသိလို့ပါတော် မသိလို့ပါ၊ တော်ရှိမှန်းသာသိရင် လှေပေါ်ခုန်တက်ဖို့နေနေသာသာ ဘေးချင်းတောင်ယှဉ်ပြီးလှေမကပ်ဘူးမှတ်လိုက်ပါ၊ အိမ်ကအသုံးမကျတဲ့ကောင်ကြောင့် ငါ့မှာသူများ အပြောအဆိုခံရတယ်၊ဟဲ့ အကောင် ဘာငိုင်နေတာလဲ၊ ဒီနားက လှေမြန်မြန်ခွာ၊ ကြက်တညင်ဘက် သွားမယ်"

"မမြင်ရအောင် နင့်မျက်စိက ဘာ..."

လှေကလေးဈေးဆိပ်ကနေ ထွက်ခွာလာခဲ့သော်လည်း ငါးစိမ်းသည်မလုံးတင်ရဲ့ တစ်တစ်ခွခွ ဆဲဆိုသံတွေက ကပ်၍ပါလာခဲ့သေးသည်။ တကယ်တော့ တံငါလှေကလေးတွေ ဟောသည်ဈေးဆိပ်မှာ လာကပ်မိပြီဆိုကတည်းက မလုံးတင်တို့၊ မဆွဲမိတို့၊ မစိုးတင့်တို့တစ်တွေ၏ လက်ထဲမှ လွတ်လမ်းရှိလေသည်မဟုတ်။ သူတို့တစ်တွေက ဈေးဆိပ်တစ်ခုလုံး စိုးမိုးထားနိုင်သော ကျားတွေမဟုတ်လား။

ကိုယ်ရဲ့အမှားကြောင့် စကားလုံးတွေနှင့် ပြန်လည်ချေပစရာမရှိ၍ ခံလာရသောသန်းကြည်မ၏ ဒေါသတွေသည် လှေပဲ့မှ သာဆောင်အပေါ်သို့သာ စုပုံကျရောက်လာလေတော့၏။

"ဒင်း အသုံးမကျလို့၊ ဒင်း အအိပ်မက်လို့၊ ဒင်း လုံ့လဝီရိယမရှိလို့ဒီလိုဖြစ်ရတာ အလကားကောင်ကို ယောကျ်ားတော်မိလို့ သူများအပြောအဆိုခံရတာ" စသည်ဖြင့် မဆုံးနိုင်တော့သည့် သန်းကြည်မ၏ ဆဲဆိုကြိမ်းမောင်းသံတွေသည် နှင်းမြူထုကြီးဖိစီးထားမှုကြောင့် ငြိမ်ငြိမ်သက်သက်ကလေးသာ စီးနေရရှာသော ဟောသည်မြစ်ပြင်ကြီးမှာသာ နားရှိခဲ့လျှင် ခံသာမှာမဟုတ်တာတော့ အမှန်ပင်။

(၃)

ငါးစိမ်းသည်မပါးစပ်တဲ့ သိကြတဲ့အတိုင်းပါပဲ၊ ဘာကြိမ်းသလဲ မမေးနှင့်၊ ဘာညစ်ပတ်သလဲ တွေးမနေနှင့်၊ စကားဆယ်ခွန်းလောက်များ ပြောရင် ကိုးခွန်းလောက်ကတော့ မကြားဝံ့မနာသာ၊ ယုတ်မာညစ်ညမ်းကြမ်းတမ်းသော စကားတွေချည်းပဲဆိုတာကို ကျမ်းကြီးကျိန်ပြီးတောင် ပြောဝံ့ပါသေး၏။

ထိုငါးစိမ်းသည်မ၏ ယောကျ်ားတွေဆိုသည်မှာလည်း စက်ရုံတစ်ခုတည်းက ထုတ်လိုက်လေသလားထင်ရ၏။ အများအားဖြင့် မထုံတက်တေးတွေ၊ ကြောင်ရိုက်မနာတွေ၊ ပြန်မပြောနားမထောင်တွေချည်းပါပဲ၊ အခုလည်း လှေဦးကနေ သန်းကြည်မက မကြားဝံ့မနာသာတွေ ဘယ်လောက်ပြောနေပြောနေ လှေပဲ့က သာဆောင်ကတော့သူနဲ့ဘာမှမဆိုင်တဲ့အတိုင်း၊ သူ့ကိုပြောနေတာမဟုတ်တဲ့အတိုင်း လှေလှော်မပျက်၊ ဆေးလိပ်ဖွာ မပျက်ပင်။

ကြက်တည်ငရွာကလေးရောက်အောင် လှော်ပေးဖို့သာ သူ့တာဝန်ဟု မှတ်သားထားလေသလားမသိ၊ ပါးစပ်က ဟုတ်သည်မဟုတ်သည်၊ ချိုသည်ခါးသည်၊ ကောင်းသည်ဆိုးသည် ဘာမှပြန်မပြော၊ ပါးစပ်ညောင်းလျှင်သည်မိန်းမရပ်သွားလိမ့်မည်ဟု တွေးရင်း လှေကိုသာမြန်မြန်ကလေး လှော်၍နေ၏။ အင်း ... ငါးစိမ်းသည်မလင် လုပ်စားလာတဲ့နှစ်တွေ တောင် လက်ဆယ်ချောင်းပြည့်တော့မည် မဟုတ်လား။

မနေ့ညနေတုန်းက သန်းကြည်မချက်သည့် ငါးတန်ခေါင်းချဉ်ရည်ဟင်းရယ်၊ တွင်းအောင်းဖားဆူဆူကြီးဆီပြန်ချက်ရယ်၊ အဝိန်တို့ဆိုင်က ဦးရည်ပြင်းပြင်းကလေးရယ် လိုက်ဖက်လွန်းလို့ စားကောင်းသောက်ကောင်းလိုက်ပုံများ ပြောမနေနှင့်၊ထမင်းဝိုင်းက ထလာတာနှင့် အိပ်ရာထဲတိုးဝင်ပစ်လိုက်တာ လူမှန်းမသိ၊ သူမှန်းမသိတော့၊ နံနက်စောစော သန်းကြည်မက တွန်းဟယ်၊ ဆွဲဟယ်၊ ထုဟယ်၊ ရိုက်ဟယ်လုပ်ပြီးနှိုးမှ အင်း ... အဲ... အကြာကြီးလုပ်၊ ဘယ်လိုမိ့ညာလူးနှင့် ကွမ်းတစ်ယာညက်လောက် အောင် ပေကပ်အိပ်နေပြီးမှ ထလာခဲ့တော့ မြို့ကလေးရဲ့ဈေးဆိပ်ကိုရောက်တာ နောက်ကျသည်မှာ ဘာမှဆန်းသည်မဟုတ်။

(၄)

တစ်ခါတစ်ရံမှာ ကံတရားဆိုသည်က အလွန်အင်မတန်မှပင် ထူးဆန်းလှချေ၏တကား။ ကြံစည်သော်လည်းပျက်တတ်ပေ၏။ မကြံစည်သော်လည်း ဖြစ်တတ်ပါပေ၏။

ကြက်တည်ငရွာကလေးဆီ သန်းကြည်မတို့ရဲ့ ဈေးကောက်လှေကလေး ခေါင်းပြူမိရုံရှိသေး၊ မြစ်ကြောင်းအတိုင်း တဟဲဟဲနှင့် စုန်ဆင်းလာကြသော ချုံဖော်လှေနှစ်စင်း၊ ဗဝန်းပိုက်လှေနှစ်စင်းတို့နှင့် တန်း၍တိုးတော့၏။

သန်းကြည်မ၏ အစ်ကိုရဲ့၊ မောင်ရဲ့၊ ဦးကြီးရဲ့၊ ဘထွေးရဲ့ ပီယဝါစာတွေ တတွတ်တွတ်ရွတ်ရင်း အားမနာပါးမနာလှေတွေကို အတင်းဆွဲကပ်၊ အတင်းဈေးတွေဖြတ်၊ ဖျိုးခနဲဖျတ်ခနဲ ကုန်တွေချိန်၊ အဲသလိုနဲ့ သန်းကြည်မတို့လှေကလေး ဈေးဆိပ်ကို ပြန်ရောက်တော့ ဈေးဆိပ်မှာကုန်တွေရလို့ ပီတိအပြုံးတွေတဝေဝေနဲ့၊ သန်းကြည်မတို့ ဈေးလာနောက်ကျပြီး ကုန်မရဘဲပြန်ထွက်သွားရလို့ အားရပါးရအတင်းတွေချလို့၊ တဟီးဟီးတဟားဟား လုပ်နေကြတဲ့ မဆွဲမိတို့၊ မလုံးတင်တို့၊ မစိုးတင့်တို့ရဲ့ မျက်လုံးတွေက ဘယ်လိုလဲကောင်မရဲ့၊ သည်နေ့တော့ ငါတို့ကို ယှဉ်နိုင်သေးရဲ့လားဆိုတဲ့ အဓိပ္ပာယ်ပေါက်တဲ့ အကြည့်တွေအောက်မှာ မောက်နေတဲ့ရင်သားထွားထွားကို ပိုပြီးတော့ကော့ ကောက်နေတဲ့ တင်နှစ်လုံးကိုပိုပြီး နောက်ပစ်တဲ့ပြီး၊ ကော့ကလတ်၊ ကောကလတ်နှင့် မျက်နှာချိုပြီး လျှောက်သွားသည့် သန်းကြည်မကိုတွေ့လိုက်ရတော့ အံ့အားသင့်၍ ကျန်ခဲ့ကြသည်။

သန်းကြည်မတို့ မျက်နှာချိုမည်ဆိုလည်း ချိုလောက်ပါပေ၏။ ခေါင်းမော်မည်ဆိုလျှင်လည်း မော်လောက်ပါပေ၏။ ရေစစ်ရေကုန်တဲ့အထိချုံတွေ တစ်ချုံပြီးတစ်ချုံဖော်၊ ချုံထဲက ငါးတွေ၊ ပုစွန်တွေ ကုန်စင်အောင်နှံ့ထဲ၊ နုန်းထဲမကျန်၊ ဒိုင်းဝန်းနှင့်ခပ်၊ ကွန်စိပ်ကလေးနှင့် အုပ်အုပ်ပြီးဖမ်းနေရလို့ ဈေးလာနောက်ကျခဲ့ရတဲ့ ချုံလှေတွေရယ်၊ သူတကာထက် လက်တံရှည်ရှည် ဗဝန်းတန်းကြီးတွေမှာ အထိအမိများလှလို့ ဖမ်းမနိုင်၊ ကောက်၍မနိုင်လောက်အောင် များလှတဲ့ငါးတွေ၊ ပုစွန်တွေကြောင့် ဈေးလာနောက်ကျခဲ့ရတဲ့ ဗဝန်းလှေတွေကပါ သန်းကြည်မတစ်ယောက်တည်း ဖောက်သည်ရလိုက်သဖြင့် ဈေးထဲအရောက် ဝါးကြောတောင်းကြီးတွေကို ထမ်းပိုးလျှိုပြီးထမ်းပိုးရသည့် အလုပ်သမားလေးငါးဆယ်ယောက်တောင် လေးဖက်ပစ်လောက်အောင်များလှသည့် ငါးတွေ၊ ပုစွန်တွေဟာ မြင်မကောင်းအောင် များလှသည်မဟုတ်လား။

ထိုအခါ မစိုးတင့်တို့၊ မလုံးတင်တို့ မိန်းမတစ်စု ဆားပက်ခံလိုက်ရသည့်ငါးပြေမတွေလို မနာလိုစိတ်တွေနှင့် ဖျပ်ဖျပ်လူးနေတော့၏။

**ဆက်လက်ဖော်ပြပါမည်။**

## အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းမြေပြိုမှုကြောင့် လူနေအိမ်များပျက်စီးပြီး အနည်းဆုံးလူနှစ်ဦးသေဆုံးကာ ၂၁ ဦး ပျောက်ဆုံးနေ



ဂျကာတာ နိုဝင်ဘာ ၁၅

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် နိုဝင်ဘာ ၁၄ ရက်က မြေပြိုမှုဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံး လူနှစ်ဦး သေဆုံးပြီး ၂၁ ဦး ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ ကယ်ဆယ်ရေးသမားများက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

နိုဝင်ဘာဒုတိယပတ်ကတည်းက အဆက်မပြတ် ရွာသွန်းနေသည့်မိုးကြောင့် ဗဟိုဂျာဗားပြည်နယ် စီလာကပ်ခရိုင်ရှိ ရွာသုံးရွာတွင် လူနေအိမ်များစွာ ထိခိုက်ပျက်စီးခဲ့ပြီး မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ မြေပြိုမှုများထဲ ပိတ်မိနေသူ ၂၃ ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့သော်လည်း လူနှစ်ဦးသေဆုံးပြီး ၂၁ ဦးကို ရှာဖွေနေဆဲဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီမှပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလ်မူဟာရီက ပြောကြားခဲ့သည်။

ရာသီဥတုဆိုးရွားကာ မြေပြင်အနေအထား မတည်ငြိမ်မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကာ တူးဖော်ရေးကိရိယာများနှင့်စက်ပစ္စည်းများ အကူအညီဖြင့် ပျောက်ဆုံးနေသူများကို ရှာဖွေနေရကြောင်း၊ ယနေ့တွင်လည်း ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ ကယ်ဆယ်ရေးသမားများသည် အိမ်များ၊ ရွှံ့နွံများ၊ အပျက်အစီးများ အောက်တွင် ပိတ်မိသောသူများကို ရှာဖွေကယ်ဆယ်နေကြောင်း သိရသည်။

မိုးလေဝသ၊ ရာသီဥတုဗေဒနှင့် ဘူမိရူပဗေဒအေဂျင်စီမှ ရာသီဥတုသတိပေးချက် ကြိုတင်ထုတ်ပြန်ခဲ့ပြီး ယခုအပတ်အတွင်း မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ ဒေသအတော်များများကို လာမည့်ရက်သတ္တပတ်များအတွင်း မိုးရွာသွန်းမှုမြင့်မားနိုင်ကြောင်း သတိပေးခဲ့သည်။

Ref : Russia Today
Trs : KZ

## ၂၀၂၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ ရာသီဥတုဖောက်ပြန်မှုကြောင့် နေရာအနှံ့ မိုးခေါင်ရေရှားမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၁၅

အင်္ဂလန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်တက်လာသည့်အတွက် ၂၀၂၆ ခုနှစ်တွင် နိုင်ငံတစ်ဝန်း မိုးခေါင်ရေရှားမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အင်္ဂလန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၁၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

လာမည့်နှစ်အတွင်း မိုးခေါင်ရေရှားမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်ဒေသများမှာ ယောက်ရှိုင်းယားကောင်တီနှင့် အင်္ဂလန်နိုင်ငံ အလယ်ပိုင်းဒေသများဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် မိုးရာသီတွင် မိုးရေချိန် ပုံမှန်ထက် နည်းပါးခဲ့ခြင်းကြောင့် လာမည့်နှစ်အတွင်း ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေခြင်းဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း မိုးရွာသွန်းမှုမှာ ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့်ပမာဏ၏ ၈၃ ရာခိုင်နှုန်းသာ ရွာသွန်းခဲ့ကြောင်း၊ နွေရာသီကာလကလည်း အပူချိန်အမြင့်ဆုံးသော နွေရာသီဖြစ်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ရာသီဥတု လွန်ကဲမှုတွေကြောင့် ၂၀၂၆ ခုနှစ်မှာ အင်္ဂလန်နိုင်ငံတစ်ဝန်း မိုးခေါင်ရေရှားပါးမှုပြဿနာနဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ ဆောင်းရာသီအတွင်း မိုးရွာသွန်းမှုရှိလာခဲ့ရင်တောင် ၂၀၂၆ ခုနှစ်မှာ သေချာပေါက် မိုးခေါင်ရေရှားပါးမှုပြဿနာနဲ့ ရင်ဆိုင်ရနိုင်ဖွယ်ရှိပါတယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ ဒါရိုက်တာ ဝိတ်ဟမ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု၊ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုတို့ ဖြစ်ပေါ်နေ

ဝါရှင်တန် နိုဝင်ဘာ ၁၅

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် နိုဝင်ဘာ ၁၄ ရက်မှစတင်၍ နေရာတချို့တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေသလို နေရာတချို့၌ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုတို့ဖြစ်ပေါ်နေကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



တူလမ်နီကောင်တီတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး လော့စ်အိန်ဂျယ်လိစ်ကောင်တီတွင် ရေကြီး ရေလျှံမှုဖြစ်ပေါ်နေကြောင်း၊ တောမီးသည် မိုနိုကောင်တီဘက်သို့ဦးတည်၍ ကူးစက်လောင်ကျွမ်းနေပြီး တောမီးကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်ရန် ကြိုးစားနေကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် အဆောက်အအုံ ၁၅ လုံး မီးလောင်ကျွမ်းသွားခဲ့ပြီး ဒေသခံ ၁၄၀၀ ကျော်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ပြည်နယ်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်။

"မိုးရေချိန် အနည်းငယ်တော့ လျော့ကျလာပြီ။ ဒါပေမဲ့လဲ မိုးလေဝသ ခန့်မှန်းချက်တွေအရ မိုးရေချိန် ပြန်လည်မြင့်တက်လာနိုင်ပြီးတော့ မိုးရေချိန်ဟာ ရှစ်လက်မကနေ ၁၀ လက်မထိ မြင့်တက်သွားနိုင်ပါတယ်"ဟု Accu-Weather မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တစ်ဖက်တွင်လည်း လော့စ်အိန်ဂျယ်လိစ်ကောင်တီ၌ မိုးသည်းထန်စွာရွာသွန်းနေပြီး ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရကြောင်း၊ လော့စ်အိန်ဂျယ်လိစ်ကောင်တီတွင် မိုးရေချိန်မှာ နှစ်လက်မမှ လေးလက်မထိ မြင့်တက်နေပြီး မိုးရေချိန်မှာ ရှစ်လက်မမှ ၁၀ လက်မထိ မြင့်တက်လာနိုင်သည့်အတွက် ရေကြီးရေလျှံမှုမှာ အန္တရာယ်ရှိသည့်အဆင့်သို့ရောက်ရှိသွားနိုင်ကြောင်းလည်း AccuWeather က သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## စားကျက်မြေဆုံးရှုံးမှုနှင့် အမဲလိုက်မှုများကြောင့် ပန်ဒါနီမျိုးစိတ်များ ကောင်ရေ ၁၀၀၀၀ အောက် ကျဆင်းနေပြီး လုံးဝမျိုးသုဉ်းသွားနိုင်

ဝါရှင်တန် နိုဝင်ဘာ ၁၅

ပန်ဒါနီမျိုးစိတ်များသည် စားကျက်မြေများဆုံးရှုံးမှုနှင့် အမဲလိုက်မှုများကြောင့် ကောင်ရေ ၁၀၀၀၀ အောက်ကျဆင်းနေပြီး လုံးဝမျိုးသုဉ်းသွားနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အိန္ဒိယ၊ နီပေါ၊ ဘူတန်၊ တရုတ်စသည့်နိုင်ငံများရှိ သစ်တောဒေသများတွင် နေထိုင်ကျက်စားသည့် ပန်ဒါနီမျိုးစိတ်သည် မျိုးသုဉ်းလုနီးပါးစာရင်းဝင်ဖြစ်ပြီး နောက်ပိုင်း ထိန်းသိမ်း စောင့်ရှောက်မှုများ ဆောင်ရွက်နေသော်လည်း ကောင်ရေများ သိသိသာသာကျဆင်းနေကြောင်း အမေရိကန်နိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးသမဂ္ဂမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက သတိပေးထားသည်။

ကောက်ယူရရှိထားသည့်စစ်တမ်းများအရ သဘာဝအတိုင်းနေထိုင်ကျက်စားသည့် ပန်ဒါနီကောင်ရေသည် ၁၀၀၀၀ အောက်သာကျန်ရှိပြီး ထိုထဲမှ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ထားနိုင်သည့် ပန်ဒါနီကောင်ရေသည် ၂၅၀၀ ခန့်သာကျန်ရှိတော့သဖြင့် ကောင်ရေသည် လျင်မြန်စွာကျဆင်းနေကြောင်း သုတေသနတင်ပြချက်များတွင် ဖော်ပြထားသည်။

ထို့ပြင် ပန်ဒါနီများ၏ နေထိုင်ရာနေရာများ မလုံလောက်ခြင်း၊ ၎င်းတို့နေထိုင်ရာ တောင်တန်းဒေသများတွင် အပူချိန်မြင့်တက်လာခြင်း၊ တရားမဝင် အမဲလိုက်ခြင်းများကြောင့် ပန်ဒါနီကောင်ရေသည် နှစ်အနည်းငယ်အတွင်း လုံးဝမျိုးသုဉ်းသွားနိုင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ



## မလေးရှားနိုင်ငံတွင် မိုးခေါင်မှုကြောင့် စားနပ်ရိက္ခာရှားပါးမှုဖြစ်ပေါ်နေသဖြင့် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေ သတ်မှတ်ထား

လီလောင်ဝီ နိုဝင်ဘာ ၁၅

မာလာဝီနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း မိုးခေါင်မှုကြောင့် စားနပ်ရိက္ခာ ရှားပါးမှုဖြစ်ပေါ်နေသဖြင့် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေ သတ်မှတ်ထားကြောင်း မာလာဝီသမ္မတ အာသာပီတာက ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုကြောင့် ခရိုင်ပေါင်း ၂၈ ခရိုင်ကို နိုင်ငံတော်အဆင့် ရာသီဥတုလွန်ကဲမှု အရေးပေါ်အခြေအနေ သတ်မှတ်ထားခြင်းဖြစ်ပြီး အရေးပေါ်အဆင့်ကာလကို သက်တမ်းတိုးလိုက်သည့်အတွက် နိုင်ငံတကာ၏ အကူအညီရရှိရေးအတွက် ကြိုးစားနေကြောင်း မာလာဝီသမ္မတ အာသာပီတာက ပြောကြားခဲ့သည်။

"ကျွန်တော်တို့နိုင်ငံမှာ ရာသီဥတုလွန်ကဲမှုကြောင့် ပြည်သူလေးသန်းလောက်ထိ စားနပ်ရိက္ခာရှားပါးမှုနဲ့ ရင်ဆိုင်နေရပါတယ်။ နိုင်ငံရဲ့သမိုင်းတစ်လျှောက် အဆိုးရွားဆုံးအခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။ ပြည်သူပေါင်း လေးသန်းလောက်က စားနပ်ရိက္ခာရှားပါးမှု အရေးပေါ်အခြေအနေနဲ့ ရင်ဆိုင်နေရသလို လေးသန်းထဲမှာ ပြည်သူ ၈၀၀၀ လောက်ဟာ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်တဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် သမ္မတရဲ့ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြုပြီး အောက်တိုဘာလကနေ ဒီဇင်ဘာထိ သတ်မှတ်ခဲ့တဲ့ အရေးပေါ်ကာလကို ၂၀၂၆ ခုနှစ် မတ်လထိ တိုးမြှင့် သတ်မှတ်လိုက်ပါတယ်။ နိုင်ငံတကာရဲ့အကူအညီတွေကို ရရှိဖို့လဲကြိုးစားသွားမှာပါ"ဟု မာလာဝီသမ္မတ အာသာပီတာက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# တန်ဖိုး

ဆူးသစ်

"တန်ဖိုး" ဆိုသော စကားလုံးကို လူတိုင်းကြားဖူးကြပေလိမ့်မည်။ ကုန်ပစ္စည်းတစ်ခုကိုလိုချင်လျှင် သူ့တန်ဖိုးကိုပေး၍ ဝယ်ရသည်။ ကုန်ပစ္စည်းတစ်ခုကို ရောင်းချင်လျှင်လည်း တန်ဖိုးသတ်မှတ်ပေးရသည်။ သို့သော် ရောင်းသူရော၊ ဝယ်သူပါ ထိုကုန်ပစ္စည်း၏ အရည်အသွေးကို ကြည့်ပြီးမှ တန်ဖိုးကို ဆုံးဖြတ်ကြခြင်းဖြစ်၏။ ဤသို့ဆိုလျှင် ကုန်ပစ္စည်းတစ်ခုအတွက် အရည်အသွေးသည် အဓိကဖြစ်နေ၏။ အရည်အသွေးကောင်းလျှင် ကောင်းသလို တန်ဖိုးမြင့်ပြီး အရည်အသွေး ညံ့လျှင် ညံ့သလို တန်ဖိုးနည်းပါးသည်မှာ အမှန်ပင်။

လူသည်လည်း ထိုအတိုင်းပင်ဖြစ်သည်။ ဆရာကြီးပီမိုးနင်းက လောကီလမ်းညွှန်ထဲမှာ "ကိုယ်စိတ်နှစ်ဖြာချမ်းသာသူ၊ အသုံးဝင်သူ၊ မိဘဆရာသမားတို့ ဂုဏ်ပြုလောက်သူဖြစ်မှသာ လူဖြစ်ရကျိုးနပ်မည်ဟု အမြဲစိတ်စွဲအပ်လှပေသည်"ဟု ဆိုထားသည်။ လူတစ်ယောက်၏ အရည်အသွေး၊ အရည်အချင်းသည် လူတစ်ယောက်၊ မိသားစုတစ်စု၊ အသိုင်းအဝိုင်းတစ်ခု၊ ပတ်ဝန်းကျင်တစ်ခုအတွက် အသုံးဝင်သလား၊ လူပေါင်းများစွာအတွက် အသုံးဝင်သလားဆိုသည်ကို အမြဲတမ်းဆန်းစစ်နေသင့်သည်။ လူအများအတွက် မဟုတ်လျှင်တောင် မိမိနေထိုင်ရာမိသားစု၊ ပတ်ဝန်းကျင်အတွက် အသုံးဝင်နေလျှင်ပင် မဆိုးလှပါ။ အသုံးတွင်ကျယ်သည်ဆိုရာ၌ နေရာတိုင်းမှာ မိမိက အသုံးဝင်နေပါမှ ဖြစ်ပေလိမ့်မည်။ ထိုသို့ဖြစ်ရန် မလွယ်လှပါ။ ထို့ကြောင့် လက်ရှိ မိမိကျင်လည်ရပ်တည်နေရာ၊ နေရာတိုင်းမှာ အသုံးဝင်နေခြင်းကပင် လူတစ်ယောက်အတွက်ကောင်းစွာ အသုံးတွင်ကျယ်နေခြင်းပင်ဖြစ်သည်ဟု ဆိုရပါမည်။

ထိုသို့ အသုံးတွင်ကျယ်နေစေရန်လည်း မိမိအရည်အသွေးကို မိမိက ထိန်းချုပ်နိုင်မှုကောင်းရပါမည်။ သို့မှသာ မိမိအရည်အသွေးနှင့်ညီသော တန်ဖိုးကို လူတို့က သတ်မှတ်ကာ အသိအမှတ်ပြုကြပါလိမ့်မည်။ အကယ်၍ မိမိအရည်အသွေးကို မိမိက မထိန်းချုပ်နိုင်ပါလျှင် သို့မဟုတ် နဂိုမူလကတည်းက အရည်အချင်းမရှိခဲ့လျှင် ထိုလူကို အသိုင်းအဝိုင်းများစွာ၊ လူများစွာက တန်ဖိုးမသတ်မှတ်နိုင်၍ ဝိုင်းပယ်ထားကြရမည်ဖြစ်ရာ အသုံးမတွင်ကျယ်သော ကုန်ပစ္စည်းလိုဖြစ်လာမှာ အမှန်ပင် ဖြစ်ပေသည်။

စင်စစ် ကလေးငယ်များသည် သူတို့၏ ပင်ကိုဗီဇမှလွဲ၍ သူတို့၏ ထူးခြားသော အရည်အချင်းများကို မပြတတ်ကြပါ။ သို့သော် သူတို့မှာ အရည်အချင်းများကို ထုတ်ဖော်သုံးစွဲနိုင်သော စွမ်းရည်များတော့ ရှိကြသည်။ မိဘ၊ ဆရာသမားများ၏ သွန်သင်ညွှန်ပြမှုအောက်တွင် ကလေးများရှိနေသည်ဆိုသောအချက်ကို အထူးဂရုပြုသင့်သည်။ စာရိတ္တမကောင်းသောကလေး၊ စာညံ့သောကလေးစသည်ဖြင့် အရည်အသွေးနိမ့်သောကလေးများကို ပြုပြင်ထိန်းကျောင်းရန်မှာ မိဘ၊ ဆရာသမားများ၏ တာဝန်ဖြစ်သည်။ နည်းမှန်လမ်းမှန်၊ ပံ့ပိုးမှုမှန်မှန်ဖြင့်သာ သွန်သင်ညွှန်ပြပါက ထိုကလေးများ၏ အရည်အသွေးသည် နိမ့်ရာမှ မြင့်လာပါလိမ့်မည်။ အချို့ကလေးများ၏ မကောင်းသောဗီဇကိုလည်း မိဘ၊ ဆရာသမားတို့က နည်းလမ်းမှန်မှန်ဖြင့် သွန်သင်ညွှန်ပြပါက ကောင်းသည့်ဘက်သို့ ပြောင်းလဲလာနိုင်သဖြင့် မိဘ၊ ဆရာသမားတို့သည် အရည်အချင်းများကိန်းအောင်းနေသူများထံမှ ထိုအရည်အချင်းများကို ဖော်ထုတ်နိုင်သော စွမ်းရည်ရှိသူများဖြစ်သည်။

"မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ"ဆိုသော စကားနှင့် ကျေးညီနောင် ပုံပြင်တို့က သက်သေဖြစ်သည်။ အကယ်၍ မသိနားမလည်သောကလေးတစ်ဦးသည် မိဘ၊ ဆရာသမားများနှင့် ကင်းကွာနေခဲ့လျှင် ထိုကလေးသည် ကြီးပြင်းလာသည်ထိ ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုအောက်တွင် ရပ်တည်နေရာက ထိုပတ်ဝန်းကျင်အတိုင်းပြောင်းလဲလာပါလိမ့်မည်။ ဆဲဆိုသံကို အမြဲကြားနေရသော ကလေးသည် ကြီးလာသောအခါ ဆဲတတ်သည်မှာ ထိုသဘောပင်ဖြစ်ပါသည်။

ကောင်းသော ပတ်ဝန်းကျင်နှင့် ထိတွေ့ရလျှင် ရှိပြီသားအရည်အချင်းတို့ ပိုမိုကောင်းမွန်လာနိုင်သော်လည်း ညံ့ဖျင်းသောပတ်ဝန်းကျင်နှင့်သာ အမြဲမပြတ်ထိတွေ့ဆက်ဆံနေရလျှင် ထိုကလေး၏ ရှိပြီးသား ကောင်းသောအရည်အချင်းများပင် ပျောက်ကွယ်သွားနိုင်သည်။ ထို့ပြင် သူငယ်ချင်း အပေါင်းအသင်းနှင့် ထိတွေ့ဆက်ဆံမှုကလည်း ပတ်ဝန်းကျင်နှင့် ဆက်ဆံရသလို တူညီနေပြန်ရာ သူငယ်ချင်းကောင်းနှင့် သူငယ်ချင်းဆိုးကြား၊ ပတ်ဝန်းကျင်ကောင်းနှင့် ပတ်ဝန်းကျင်ဆိုးကြားမှ မိမိကလေး၏ အရည်အသွေးများတောက်ပနေစေရန်မှာ မိဘတို့၏ အဓိကတာဝန်ဖြစ်သကဲ့သို့ ဆရာတို့၏ ပခုံးနကျသောတာဝန်သာဖြစ်သည်။

စင်စစ် လူငယ်တို့သည် လွတ်လပ်သည်။ တက်ကြွသည်။ စူးစမ်းလိုစိတ်များသည်။ ထို့ကြောင့်လည်း ကလေးဘဝမှ လူငယ်ဘဝ အကူးအပြောင်းမှာ ပြောင်းလဲခြင်းများစွာကြုံရပါတော့သည်။ တချို့ငယ်ငယ်က စာတော်ပြီး ကြီးသော် စာဘက်မှာ အာရုံမရောက်တော့။ တချို့ငယ်ငယ်က လိမ္မာပြီး ကြီးသော် မိုက်လာ၏။ တချို့ကတော့ ပြောင်းပြန်ဖြစ်သွားသည်။ မူလတန်းဘဝက စာညံ့၍ အထက်တန်းကျောင်းသားဘဝမှာတော့ စာတော်ကာ ဂုဏ်ထူးများရကုန်၏။ အချို့ကလေးဘဝတွင် ရန်ခဏခဏ ဖြစ်သလောက် လူငယ်ဘဝတွင် တည်ငြိမ်မှုရသွား၏။

ပြောင်းလဲမှု အမျိုးမျိုးကို လူတိုင်းကြုံရမည်မှာတော့အမှန်ပင်။ ကလေးဘဝမှ လူငယ်ဘဝထိ ပုံမှန်အရည်အသွေးရှိသူများဆိုလျှင်တော့ သေချာစွာ လေ့လာကြည့်ပါ။ မိဘ၊ ဆရာသမားတို့၏ သွန်သင်ညွှန်ပြမှု၊ ပံ့ပိုးမှုကောင်းများရခဲ့သလို ပတ်ဝန်းကျင်ကောင်း၊ သူငယ်ချင်းကောင်းများနှင့်သာ အမြဲထိတွေ့ခဲ့ရ၍ ဖြစ်သည်။ ထို့ပြင် သူတို့ကိုယ်တိုင်ကလည်း စိတ်ဓာတ်နှင့် ခံယူချက်ပြင်းသောကြောင့် တော်ရုံတန်ရုံ တိုက်ခိုက်မှုမျိုးကြောင့် အပြောင်းအလဲမဖြစ်ခဲ့ခြင်းလည်း ပါပါသည်။

ယနေ့ခေတ်သည် သာယာသစ်မှုးဖွယ်ရာ ဖိမ်ခံပစ္စည်းများပေါသော ခေတ်ဖြစ်၏။ ထိုအထဲတွင် အလိုက်သင့် နေထိုင်တတ်သော လူငယ်သာဖြစ်ပါက အထက်ဖော်ပြပါ ပြောင်းလဲခြင်းမျိုးကြီးကြီးမားမား မကြုံရနိုင်ပါ။ အဆိုးမှ အကောင်းကို ပြောင်းခြင်းက ကောင်းသော်လည်း အကောင်းမှအဆိုးကို ပြောင်းခြင်းကား မိမိအရည်အသွေးကို ဖျက်သလို မိမိတန်ဖိုးကို နှိမ့်ချသည်နှင့် တူနေသည်။ ရေစုန်နှင့်တွေ့သော်လည်း ဆန်တက်သင့်က တက်ရပါမည်။ အချို့လူငယ်များ အပေါင်းအသင်းက ဆွယ်သောကြောင့်ဟုဆိုကာ မူးယစ်ဆေးချ၏။ ထိုသို့ ပြုလုပ်နေထိုင်ကြသည်ကိုပင် အပေါင်းအသင်းများကြားပြန်လည်ကြွားဝါစရာဟုထင်ကာ သူတို့ချင်းဆုံလျှင် အားပါးတရပြောဆိုနေကြ၏။ အမှန်မှာ မိမိကိုယ်ကို တန်ဖိုးသတ်မှတ်ကြခြင်းပင်ဖြစ်လေသည်။

လူငယ်ဘဝမှ လူကြီးဘဝကူးပြောင်းသော အချိန်တွင်လည်း အပြောင်းအလဲများ ထပ်မံကြုံနိုင်ပါသေးသည်။ တချို့ ငယ်ငယ်ကတည်းက တောက်လျှောက်ကောင်းလာခဲ့ပြီး ကြီးမှ ပျက်စီးရသူများ ဒုနဲ့ဒေး ရှိသည်။ တချို့ကတော့ ကောင်းကောင်းဆိုးဆိုး လူကြီးဖြစ်သည့်တိုင် မပြောင်းလဲကြပါ။ တချို့က ကြီးမှနောင်တရကာ အမှားကို အမှန်ပြင်ကြသည်။ အဆိုးမှ အကောင်းကို ကူးပြောင်းခြင်းက တိုးတက်ခြင်းဖြစ်သော်လည်း အကောင်းမှအဆိုးကို ကူးပြောင်းခြင်းက ဆုတ်ယုတ်ခြင်းဖြစ်သည်။ မိမိအရည်အသွေးကို ဆုတ်ယုတ်စေမလား၊ တိုးတက်စေမလားဆိုသည်မှာ မိမိအပေါ်တွင် မူတည်သလို မိသားစု၊ ပတ်ဝန်းကျင်၊ အပေါင်းအသင်းသူငယ်ချင်းများအပေါ်၌လည်း များစွာမူတည်နေသည်။

ငယ်စဉ်ဘဝက မိမိအရည်အသွေးများ မပေါ်လွင်ခဲ့လျှင် လူငယ်ဘဝမှာ မည်သူ၏ ကူညီပံ့ပိုးမှုမျှမယူဘဲ မိမိကိုယ်ကိုပျိုးထောင်နိုင်သည်။ ထိုသို့ ပျိုးထောင်ရာ၌ အကောင်းဆုံးမိတ်ဆွေမှာ စာအုပ်များပင်ဖြစ်သည်။ မိသားစုမရှိ၍ သူငယ်ချင်းမရှိ၍ စိတ်ဓာတ်မကျပါနှင့်။ သင့်ခန္ဓာကိုယ်ထဲမှ အရည်အသွေးကိုဖော်ထုတ်ရန်မှာ စာအုပ်ကောင်းများ၏ အကူအညီကိုယူ၍ သင်ကိုယ်တိုင် ဖော်ထုတ်ရန်သာလိုသည်။ ထိုအခါ ကိုယ်တိုင်ပင် မမျှော်လင့်ထားသော၊ မမြင်နိုင်သော စွမ်းရည်ပုန်းများ သင့်ခန္ဓာကိုယ်ထဲမှ ထွက်လာပါလိမ့်မည်။

ငယ်စဉ်ကတည်းက အရည်အသွေးကောင်းတစ်ခုစီကို ပိုင်ဆိုင်ထားသူများဆိုလျှင်တော့ ပြောစရာမရှိပေ။ မိမိအရည်အသွေးကို စဉ်ဆက်မပြတ်ထက်မြက်နေအောင် လေ့ကျင့်ရင်းသွေးပေးရန်သာလိုသည်။ ထိုကြားထဲ၌ မည်သည့်ပယောဂ အနှောင့်အယှက်ကြောင့်မျှ မိမိအရည်အသွေးကို မပျက်စီးပါစေနှင့်။ မိမိအရည်အသွေးများ အမြဲထက်မြက်နေလေလေ မိမိကျင်လည်ရာပတ်ဝန်းကျင် အသိုင်းအဝိုင်းက တန်ဖိုးထားနှစ်သက်လေးစားနေလေလေဖြစ်သည်။

အရည်အချင်း၊ အရည်အသွေးဟု ဆိုရာ၌လည်း ပညာတတ်မှု၊ ရုပ်ချောမှု၊ ဥစ္စာပေါမှု အရည်အချင်း၊ အရည်အသွေးမဟုတ်ကြောင်း သိစေချင်သည်။ "စိတ်ထားတတ်လျှင် မြတ်သည်" ဆိုသော စကားကို နှလုံးသွင်းကာ မိမိတွင် ကျန်အရည်အချင်း၊ အရည်အသွေးများ မရှိချင်နေပါစေ စိတ်ထားကောင်းကောင်းထားကာ မိသားစုအကျိုး၊ ပတ်ဝန်းကျင်အကျိုး၊ လူအများအကျိုး၊ နိုင်ငံအကျိုးကို တတ်နိုင်သမျှ သယ်ပိုးခြင်းကပင် အရည်အသွေး၊ အရည်အချင်းဟု ဆိုရပါမည်။

ထို့ကြောင့် မိမိမှာ အရည်အသွေးမရှိဘူးဟု ထင်လျှင် ယခုမှစ၍ မိမိစိတ်ဓာတ်ကို ပြုပြင်ပါ။ အလုပ်တိုင်းကို အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ပါ။ စာအုပ်ကောင်းများကို များများဖတ်၍ များများမှတ်ပါ။ အလုပ်တိုင်းတွင် ရည်မှန်းချက်ထား၍ စေတနာအပြည့်ဖြင့် လုပ်ပါဟု ဆိုချင်ပါသည်။

အကယ်၍ အရည်အချင်း တစ်ခုခုကို ပိုင်ဆိုင်လာပြီဆိုလျှင်လည်း ပတ်ဝန်းကျင်ကြောင့်၊ သူငယ်ချင်းကြောင့် မပျက်စီးရအောင် မိမိကိုယ်ကို ထိန်းပါ။ ပတ်ဝန်းကျင်ဆိုး၊ သူငယ်ချင်းဆိုးများကို အတတ်နိုင်ဆုံးရှောင်၍ မလွှဲသာခဲ့လျှင်လည်း ကိုယ်ပေါင်းစိတ်ခွာလုပ်ကာ အတတ်နိုင်ဆုံး သူတို့ကို လမ်းမှန်ကိုရောက်အောင် ညွှန်ပြပေးပါ။ (ဤသည်မှာလည်း မိမိအရည်အချင်းကို ပိုမိုထက်မြက်တောက်ပစေပါသည်။) ထိုသို့ ရှိရင်းစွဲ အရည်အချင်းတစ်ခုကို ပျက်စီးမသွားအောင် ထိန်းသိမ်းထားရမည့်အပြင် ပိုမိုတောက်ပစေရန်လည်း လေ့ကျင့်နေရန်လိုသည်။ ထို့ကြောင့် မိမိအရည်အချင်းကို ထုတ်ဖော်ပြသရန် အခါအခွင့်ရှိတိုင်း အကောင်းဆုံးကြိုးစား၍ ထုတ်ဖော်ပြသသင့်သည်။

အထက်ဖော်ပြပါတို့ကို သင်ကိုယ်တိုင် ကြိုးစားလိုက်နာမည်ဆိုပါက သင့်ကိုယ်ပိုင်အရည်အချင်း၊ အရည်အသွေးတို့ သက်ဆုံးတိုင်မြဲနေကြောင်း လူအများက အသိအမှတ်ပြုခြင်းခံရပါမည်။ အကယ်၍ မိမိအရည်အချင်းကို မိမိဖျက်ဆီး၍ ဖြစ်သလိုနေမည်ဆိုပါက လူအများက သင့်ကို နှစ်သက်လေးစားကြတော့မည် မဟုတ်ပါ။

ထို့ကြောင့် မည်သူပင်ဖြစ်ဖြစ် သတိလေးထားရှိရန်မှာ သင်၏ ကောင်းသောအရည်အချင်းများကို မြှုပ်နှံမထားပါနှင့်။ ဖော်ထုတ်သုံးစွဲပစ်ပါ။ ဆက်လက်ထိန်းသိမ်းရင်း တောက်ပလာအောင် လုပ်ယူနေရပါမည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းလူတိုင်းသည် လူတစ်ဦး၏ အရည်အသွေး၊ အရည်အချင်းကို ကြည့်၍ တန်ဖိုးဖြတ်တတ်ကြပေရာ မိမိကိုယ်ကို တန်ဖိုးမရှိသော၊ တန်ဖိုးနိမ့်သော လူစားမျိုးအဖြစ်ခံမလား၊ တန်ဖိုးရှိသော၊ တန်ဖိုးမြင့်သော လူစားမျိုးအဖြစ်ခံမလားဆိုသည်မှာ ထိုလူကိုယ်တိုင်ပေါ်တွင် မူတည်နေသောကြောင့်ပင် ဖြစ်ပါတော့သည်။

**❖ငယ်စဉ်ကတည်းက အရည်အသွေးကောင်းတစ်ခုစီကို ပိုင်ဆိုင်ထားသူများဆိုလျှင်တော့ ပြောစရာမရှိပေ။ မိမိအရည်အသွေးကို စဉ်ဆက်မပြတ်ထက်မြက်နေအောင် လေ့ကျင့်ရင်းသွေးပေးရန်သာလိုသည်။ ထိုကြားထဲ၌ မည်သည့်ပယောဂ အနှောင့်အယှက်ကြောင့်မျှ မိမိအရည်အသွေးကို မပျက်စီးပါစေနှင့်။ မိမိအရည်အသွေးများ အမြဲထက်မြက်နေလေလေ မိမိကျင်လည်ရာပတ်ဝန်းကျင် အသိုင်းအဝိုင်းက တန်ဖိုးထားနှစ်သက်လေးစားနေလေလေဖြစ်သည်။ အရည်အချင်း၊ အရည်အသွေးဟု ဆိုရာ၌လည်း ပညာတတ်မှု၊ ရုပ်ချောမှု၊ ဥစ္စာပေါမှု အရည်အချင်း၊ အရည်အသွေးမဟုတ်ကြောင်း သိစေချင်သည်။❖**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## သူရဲကောင်းယုန်ကလေး

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြချင်တဲ့ ပုံပြင်လေးကတော့ **"သူရဲကောင်း ယုန်ကလေး"**ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းကပေါ့ကွယ် တောအုပ်ကြီး တစ်ခုထဲမှာ ယုန်ကလေးတွေအများကြီး နေထိုင်ကြသတဲ့ကွယ်။ အဲဒီယုန်ကလေးတွေဟာ သူတို့ တောအုပ်ထဲမှာရှိတဲ့ သစ်ဥ၊ သစ်မြစ်ကလေးတွေ၊ သစ်ပင်ပေါ်က ကြွေကျလေ့ရှိတဲ့ သစ်သီးဝလံ ကလေးတွေနဲ့ ရာသီအလိုက် ပေါ်ပေါက်လာတတ်တဲ့ အစားအစာလေးတွေကို ရှာဖွေပြီး စားသောက် နေထိုင်ကြသတဲ့ကွယ်။

ဒီလိုနဲ့ တစ်နှစ်မှာ ရာသီဥတုဖောက်ပြန်ပြီး မိုးခေါင်ရေရှားဖြစ်တာကြောင့် သူတို့နေထိုင်ရာ တောအုပ်ကြီးထဲမှာ သူတို့စားသောက်နေကြတဲ့ အစားအစာလေးတွေဟာ တဖြည်းဖြည်းနဲ့ ရှားပါး လာသတဲ့ကွယ်။ ယုန်ကလေးတွေဟာ တစ်နေ့ထက် တစ်နေ့ ရှားပါးလာတဲ့ အစားအစာကလေးတွေကို တစ်ကောင်နဲ့တစ်ကောင် ဝေမျှစားသောက်ကြပြီး ရာသီဥတု ကောင်းမွန်လာမဲ့တစ်နေ့၊ အစား အသောက်တွေ အရင်လိုပြန်ပြီး ပေါများလာမဲ့ တစ်နေ့ကို မျှော်လင့်နေကြသတဲ့ကွယ်။ ဒါပေမဲ့လဲ ရာသီဥတုဟာ သူတို့မျှော်လင့်ထားသလို နောက် တစ်နှစ်မှာလဲ ကောင်းမွန်မလာသေးဘူးတဲ့ကွယ်။ အဲဒါကြောင့် ယုန်ကလေးတွေဟာ တစ်နေ့ ထက်တစ်နေ့ အစားအစာတွေ ပြတ်လပ်လာတော့ တာကြောင့် ယုန်ကလေးတွေအချင်းချင်း တိုင်ပင် ဆွေးနွေးကြရတော့သတဲ့ကွယ်။

"ယုန်ကလေးတို့ရေ ငါတို့တွေ ဒီအတိုင်း ဆက်ပြီးနေထိုင်သွားရင် အစားအစာတွေပြတ်လပ်ပြီး သေကျေကုန်ကြတော့မယ်။ အဲဒါကြောင့် ငါတို့တွေ ဟာ ဒီနေရာကနေစွန့်ခွာပြီး အခြားကောင်းမွန်တဲ့ နယ်မြေသစ်ကို ရှာဖွေကြဖို့လိုအပ်နေပြီ"လို့ ယုန် ကလေးတွေရဲ့ အကြီးအကဲက ပြောသတဲ့ကွယ်။

အဲဒီအခါ အခြားယုန်ကလေးတွေကလဲ "အခြားနေရာဆိုတာ ဘယ်လောက်ဝေးလဲ၊ ဘယ်လို အခက်အခဲတွေရှိနိုင်သလဲဆိုတာ ဘယ်သူမှမသိနိုင် ပါဘူး။ အဲဒါကြောင့် အကောင်းဆုံးဖြစ်မဲ့ နည်းလမ်း ကိုစဉ်းစားကြရမယ်"လို့ ဆွေးနွေးကြသတဲ့ကွယ်။

နောက်ထပ် ယုန်ကလေးတစ်ကောင်ကလဲ "ဟုတ်ပါတယ်။ ရှိသမျှယုန်တွေအားလုံး တစ်ခါ



တည်း ပြောင်းရွှေ့သွားဖို့ မသင့်တော်ပါဘူး။ အဲဒါ ကြောင့် နယ်မြေဒေသကို ရှာဖွေစုံစမ်းဖို့အတွက် အရင်ဆုံး ယုန်တစ်ကောင်လောက် စေလွှတ်သင့်ပါ တယ်"လို့ ဆွေးနွေးပြန်သတဲ့ကွယ်။

အဲဒီအခါ ယုန်အကြီးအကဲက "ယုန်ကလေးတို့ အကြံပြုတာ ကောင်းလှပါတယ်။ အဲဒါကြောင့် ငါတို့အထဲက ယုန်တစ်ကောင်ကို ရွေးချယ်သွား ရမယ်။ ကဲ . . . ဒီခရီးကို ဘယ်သူသွားချင်ပါသလဲ"လို့ မေးသတဲ့ကွယ်။

အဲဒီအခါမှာတော့ ယုန်ကလေးတွေဟာ စဉ်းစား ကြသတဲ့။ ကိုယ်နေထိုင်ရာဒေသမဟုတ်တဲ့ အခြား နေရာကိုသွားဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ်ဘူး။ အခန့်မသင့်ရင် သားရဲတိရစ္ဆာန်တွေကြောင့် လမ်း တစ်ဝက်မှာတင် အသက်သေဆုံးသွားနိုင်တယ်လို့ တွေးမိကြပြီး ငြိမ်နေကြသတဲ့ကွယ်။ ဒါပေမဲ့လဲ အဲဒီအထဲမှာတော့ ဖိုးဖြူဆိုတဲ့ ယုန်ငယ်ကလေး တစ်ကောင်က သူသွားပါ့မယ်လို့ သတ္တိရှိရှိကတိပေး သတဲ့ကွယ်။ ယုန်ကလေးဖိုးဖြူဟာ အစာ ရေစာငတ်ပြတ်ပြီး ပိန်လှီနေကြတဲ့ ယုန်ကလေးတွေ ကိုကြည့်ကာ အခုလိုလဲပြောလိုက်သတဲ့ကွယ်။

"ကျွန်တော့်ညီအစ်ကို၊ မောင်နှမတွေရဲ့ ကောင်း ကျိုးချမ်းသာအတွက် ကျွန်တော့်အသက် သေချင် သေပါစေ။ ဒီခရီးကိုသွားပါ့မယ်။ ဘယ်လိုအခက် အခဲတွေပဲကြုံကြုံ ရင်ဆိုင်ကျော်ဖြတ်ပြီး အစား အစာပေါများတဲ့နယ်မြေသစ်ကို မတွေ့တွေ့အောင် ရှာခဲ့ပါ့မယ်"လို့ကတိပေးပြီး ထွက်သွားတော့ သတဲ့ကွယ်။

ယုန်ကလေးဖိုးဖြူဟာ အများကထင်ထားတဲ့ အတိုင်းပဲ လမ်းခရီးမှာ အခက်အခဲတွေအများကြီး ရင်ဆိုင်ရတော့သတဲ့။ ရက်စက်ကြမ်းကြုတ်တဲ့ ကျားတွေ၊ ခြင်္သေ့တွေနဲ့ အခြားသားရဲတိရစ္ဆာန်တွေ ရဲ့ဘေးကို မကြောက်မရွံ့ ရင်ဆိုင်ဖြတ်ကျော်ပြီး အစားအစာပေါများတဲ့နယ်မြေသစ်ကို မတွေ့တွေ့ အောင်ရှာဖွေကာ သူတို့နေထိုင်ရာ တောအုပ်ကြီး ထဲကို ပြန်လာနိုင်ခဲ့သတဲ့ကွယ်။ အဲဒီနောက်ပိုင်း မှာတော့ ယုန်ကလေးဖိုးဖြူဟာ သူ့ရဲ့တောအုပ် ကြီးထဲက ယုန်ကလေးတွေအကုန်လုံးကို ခေါ်ပြီး နယ်မြေသစ်ကို ပြောင်းရွှေ့သွားနိုင်ခဲ့တော့သတဲ့ ကွယ်။ အဲဒီလို အများအကျိုးအတွက် ကိုယ့်အသက် ကို ပဓာနမထားဘဲ ဇွဲ၊ သတ္တိအပြည့်နဲ့ စွန့်စားခဲ့တဲ့ ယုန်ကလေးဖိုးဖြူကိုလဲ အခြားယုန်ကလေးတွေက သူရဲကောင်းယုန်ကလေးဆိုပြီး ဂုဏ်ပြုကြတော့ သတဲ့ကွယ်။

ကဲ . . . သားတို့၊ သမီးတို့တွေလဲ ပုံပြင်လေးထဲက သူရဲကောင်းယုန်ကလေးလို အရေးကြုံလာတဲ့ အခါ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်နိုင်ကြကာ အများက ယုံကြည်လေးစား ရတဲ့ သူရဲကောင်းတွေဖြစ်နိုင်ကြပါစေလို့ ဦးဦးက ပြောကြားလိုက်ရပါတယ်ကွယ်။

**ကိုရွှေတောသား(ဆင်ကူး)**

## သဇင်ပန်း



À သဇင်ပန်းရနံ့ သင်းကြူကြူ
ငွေရောင်ဖွေးဖွေးဖြူ
လေသင့်ရာယူ ယိမ်းနွဲ့က
ပင်မြင့်ယံမှာလှ။

À ဆောင်းဟေမန္တ နှင်းဖျန်းလျှင်
ဖူးပွင့်ပန်းတော်ဝင်၊
ဗုဒ္ဓရှင်တော် ကပ်လှူဒါန်း
ဆည်းဆာညနေချမ်း။
ဆောင်းရဲ့အလှပန်း။ ။

**ရွှေတိုး(ထုံးဘို)**

## တာဝန်ကိုယ်စီ



À မနက်လင်းလျှင် အလုပ်ခွင်
ဖေဖေ အမြဲဝင်။

À အိမ်မှုစုံလင် ချက်ပြုတ်ရင်း
မေမေ အမြဲသန့်ရှင်း။

À စာဖတ်ခြင်းနှင့် ပညာသင်
သားတို့ရဲ့ နေ့စဉ်။

À တာဝန်ကိုယ်စီ မလစ်ဟင်း
လှသောအိမ်အတွင်း။
မိသားစု မြင်ကွင်း။ ။

**အောင်ကိုမင်း(ထုံးဘို)**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၁၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရေဦး နိုဝင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၁၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် ပဲကြီး ၅၉၇၃ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၁၁၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲကြီး ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ဒီနေ့ထိဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပဲကြီး စိုက်တောင်သူများအနေဖြင့် ပဲကြီး စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့်စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေး ကောင်းမွန်ခြင်းကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း မနောသုခစပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဇလွန် နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း မနောသုခစပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ထက်ထက်ခိုင်က ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလက မနောသုခစပါး တင်းရေ ၄၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ တစ်လအတွင်း မနောသုခစပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

" ပြီးခဲ့တဲ့ တစ်လအတွင်း မနောသုခစပါး တင်းရေများများ ရန်ကုန်ဈေးကွက်ဘက် တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီ မနောသုခစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာ ဖြစ်ပါတယ်။ မနောသုခစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ မနောသုခစပါးတွေကို ကုန်းလမ်းနဲ့ကော ရေလမ်းနဲ့ပါ တင်ပို့ရောင်းချနေပါတယ်"ဟု ဇလွန်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ထက်ထက်ခိုင်က ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလ တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခစပါး တင်းရေ ၁၀၀ လျှင်ငွေကျပ် ၁၂၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့်ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကိုပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"


“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဗ္ဗာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊
လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်၊



# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ဓရရိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၅၅၁၁၉၀၇၇



## Myanmar Mobile Money (MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်၊



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊

Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊

ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း

အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## အများသိစေရန် ကြေညာခြင်း

အမရပူရမြို့၊ ငယ်တိုးတိုက်နယ်၊ သာလေစွကျေးရွာ၊ ကျောင်းဆရာဦးနီပိုင်သော ပေ ၄၀ x ၃၀ မြေနှင့် မြေပေါ်ရှိ အဆောက်အဦးအား ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ရန် သမီးကြီးဒေါ်ကြည်ကြည်မှ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်
(၉/မရတ(နိုင်)၀၀၈၆၂၉)

## ဝန်ထမ်းခေါ်ယူခြင်း

**Yuan Sheng Hotel, Mandalay(ယဥ်ရှင်း)**

| | |
|---|---|
| Security | 5 Posts |
| M&E | 5 Posts |
| Accountant | 2 Posts |
| Housekeeping | 5 Posts |

စိတ်ထားကောင်းမွန်ပြီး အမှန်တကယ် အလုပ်လုပ်ကိုင်လိုသူဖြစ်ရမည်။


ဆက်သွယ်ရန် ဖုန်း 09-798487743
အချိန် နံနက် (9:00AM-5:00PM)
No.183, 35th Street between
77th & 78th Street MaharAungMyay

## ပျောက်ဆုံးကြောင်း

သပိတ်ကျင်းမြို့နယ်၊ ဖက်ရှည်နေ မောင်အောင်ဖြိုးဝေ (ဘ) ဦးရွှေအေး(၉/သပက(နိုင်)၀၆၁၄၃၂)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ 09-796099079

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ၊ သလိပ်၊ နှပ်၊ နာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူ ပိုမိုထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေခြင်းဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်...

❖ သစ်၊ ဝါး၊ ကြိမ် အစရှိသည့်သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုထုတ်လုပ်လာနိုင်ကာ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစီး ပြန်လည်ထွက်ခွာ



နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ တတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် နိုဝင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိနေသော ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစီးတို့သည် ပင်လယ်ပြင်၌ လက်တွေ့လေ့ကျင့်ခန်းများဆောင်ရွက်ရန် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ လေ့ကျင့်ခန်းဧရိယာသို့ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊အရာရှိ

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

တတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ RUNDERFUL BAGAN TEMPLE RUN 2025 မာရသွန်အပြေးပြိုင်ပွဲ ကျင်းပ



ညောင်ဦး နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ RUNDERFUL BAGAN TEMPLE RUN 2025 မာရသွန်အပြေးပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီတွင် ပုဂံမြို့ တောင်ဘီကျေးရွာ အာနန္ဒာဘုရားကြီး တောင်ဘက်မုခ်ကွင်းပြင်၌ စတင်တာလွှတ်သည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး(ငြိမ်း)၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုတို့က အချက်ပြတာလွှတ်ပေးကြသည်။

RUNDERFUL BAGAN TEMPLE RUN 2025 မာရသွန်အပြေးပြိုင်ပွဲ ၁၀ ကီလိုမီတာတန်း၌

စာမျက်နှာ ၂၄ ကော်လံ ၁ ❑

## ခေတ်သစ်ပြည်သူ့ပါတီနှင့် လေဘာပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

ခေတ်သစ်ပြည်သူ့ပါတီနှင့် လေဘာပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၂ တွင် ဖော်ပြပါရှိပါသည်။

ရတနာပုံ

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
